ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

တတိယနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်ပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၀၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၃.၆၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန် ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ၁၅-၇-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေးနဲ့ ဗိုလ်မှူးကြီးအောင်လွင် တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် တာဝန်ထမ်းဆောင်ရန်တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၂)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ(၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၁၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀: ၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန် ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

**ကျောက်တော်မြို့နယ်အတွင်း တိုက်ပွဲရှောင်စခန်းများတွင် ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာထားသည့် ကိုရိုနာဗိုင်းရပ်စ်(COVID – 19) ရောဂါကာကွယ်ရေးအတွက် မည်သည့်အစီအမံများထားရှိပြီး တိုက်ပွဲရှောင်များ အဆင်ပြေစေရေး၊ စားဝတ်နေရေးအတွက် မည်သို့ဆောင်ရွက်ပေးထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၈။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျောက်တော်မြို့နယ်အတွင်း တိုက်ပွဲရှောင်စခန်းများတွင် ကမ္ဘာ့ကပ်ရောဂါ အဖြစ် ကြေညာထားသည့် ကိုရိုနာဗိုင်းရပ်စ် (COVID–19) ရောဂါကာကွယ်ရေးအတွက် မည်သည့် အစီအမံများထားရှိမှုနဲ့ တိုက်ပွဲရှောင်စခန်းများ အဆင်ပြေစေရေး၊ စားဝတ်နေရေးအတွက် အစီအမံများ မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် ပတ်သက်သည့်မေးခွန်းကို ကြယ်ပွင့်ပြမေးခွန်း အနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်တော်မြို့နယ်မှာ လူဦးရေ (၂၄၀၀၀၀)ကျော်ရှိပြီး ကျေးရွာပေါင်း (၂၈၃)ရွာရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ ကျောက်တော် မြို့နယ်အတွင်းမှာ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်ပြီး တိုက်ပွဲများဖြစ်ပေါ်ခဲ့ပြီး တိုက်ပွဲရှောင် စခန်းများအဖြစ် တောင်မင်းကုလား တိုက်ပွဲရှောင်စခန်းတွင် (၅၁၆)ဦး၊ ကန်စောက်စခန်းတွင် (၂၇၄)ဦး၊ ဝါးတောင်စခန်းတွင်(၁၂၁၉)ဦး စုစုပေါင်း (၂၀၀၀)ကျော်ခန့် ရှိနေခဲ့ပါတယ်။ ၎င်းဒုက္ခသည် များဟာ အဆိုပါစခန်းများတွင် အလှူရှင်များရဲ့ လှူဒါန်းမှုနဲ့ တဲအိမ်ကလေးများ ဆောက်လုပ်ပြီး နေထိုင်နေကြခြင်းဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလနဲ့ မတ်လအတွင်းမှာ တိုက်ပွဲများပိုမို ပြင်းထန်လာမှုကြောင့် ကျောက်တော်မြို့ပေါ်တွင် ၂၀–၃–၂၀၂၀ ရက်နေ့ ကျွန်တော် မေးခွန်းမေးမြန်း စဉ်အချိန်က တိုက်ပွဲရှောင်ဦးရေဟာ စခန်း(၅)ခုထိ ထပ်မံတိုးမြှင့်လာပြီး လူဦးရေ(၄၀၀၀)ကျော်ခန့် ဖြစ်လာခဲ့ပါတယ်။ ယခုအချိန်မှာတော့ တိုက်ပွဲရှောင်စခန်း(၁၂)ခုအထိ တိုးမြှင့်လာခဲ့ပြီး တိုက်ပွဲရှောင် ဦးရေမှာလည်း မြို့ပေါ်တွင် (၂၀၀၀)ကျော်အထိ တိုးမြှင့်ခဲ့ပါတယ်။ ကျောက်တော်မြို့နယ် တစ်ခုလုံးမှာ စုစုပေါင်း စခန်း(၁၇)ခုအထိ တိုးမြှင့်ခဲ့ပါတယ်။ လူဦးရေ(၁၂၀၀၀)ကျော်အထိ ဖြစ်နေပါတယ်။

ဒီလောက်များပြားလာတဲ့တိုက်ပွဲရှောင် ဒုက္ခသည်များဟာ စခန်းတစ်ခုစီမှာ လူဦးရေ အနည်းဆုံး (၁၀၀၀)ကျော် (၂၀၀၀)အထိ စုပြုံနေထိုင်ကြပြီး သန့်ရှင်းမှုနဲ့ တစ်ကိုယ်ရည် ကျန်းမာရေးကအစ လိုအပ်ချက်များစွာနှင့် နေထိုင်ကြခြင်းဖြစ်ပါတယ်။ မြို့နယ်အတွက် တိုက်ပွဲရှောင်များမှာ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ ဓမ္မာရုံများမှာ အဓိကထားပြီး နေထိုင်ကြခြင်းဖြစ်ပါတယ်။ အစိုးရမှဆောက်လုပ်ပေးတဲ့ နေပူခံဒုက္ခသည်စခန်းတစ်ခုမှာလည်း နေထိုင်နေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးခွန်းမေးမြန်းစဉ်အချိန်က ကိုရိုနာဗိုင်းရပ်စ်(COVID – 19) ရောဂါဟာ ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာခါစ ဖြစ်တဲ့အတွက် တစ်ကမ္ဘာလုံးမှာ (၂၄၀၀၀၀)ကျော်ခန့်ရှိပြီး သေဆုံးသူ(၉၀၀၀)ကျော်ခန့် ရှိပြီဟုသိရပါတယ်။ မြန်မာနိုင်ငံမှာလည်း ကူးစက်ခံရသူ မရှိသေးဘဲ သံသယလူနာနဲ့ စောင့်ကြည့်လူနာ အဆင့်သာရှိပါတယ်။ ယခုအချိန်မှာတော့ အားလုံးသိကြတဲ့အတိုင်းပဲ တစ်ကမ္ဘာလုံးမှာ(၁၃)သန်းကျော်အထိရှိနေပြီး သေဆုံးသူမှာလည်း(၅၇၀၀၀၀)ကျော်ဖြစ်နေပါပြီ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ဒီနေ့အထိ (၃၃၇)ဦးအထိရှိနေပြီး သေဆုံးသူ (၆)ဦးဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြေညာထားတာရှိပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာတော့ (၁၄)ဦးအထိရှိနေပြီး တိုင်းဒေသကြီးနဲ့ပြည်နယ်(၁၄)ခုမှာ ဒုတိယအများဆုံးဖြစ်နေပါတယ်။ ကိုရိုနာဗိုင်းရပ်(စ်)ဟာ ပထမအစမှာ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါဟုသတ်မှတ်ခဲ့ပေမယ့် ခုနောက်ဆုံးတွေ့ရှိချက်များအရ လူတွေရဲ့ အဆုတ်ကိုရော ကျောက်ကပ်၊ အသည်း၊ နှလုံး၊ ဦးနှောက်၊ အာရုံကြော၊ အရေပြား၊ အစာအိမ်အူလမ်းကြောင်းကိုပါ ဖျက်ဆီးနိုင်တယ်လို့ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့က နာမည်ကျော် ကိုလံဘီယာတက္ကသိုလ် ဆေးသုတေသနအဖွဲ့၏ အစီရင်ခံစာမှာ ဖော်ပြထားတာတွေ့ရပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ဟာ လူ့ခန္ဓာကိုယ်ထဲက အတွင်းကလီစာများကို ဖျက်ဆီးနိုင်တဲ့ ရောဂါဖြစ်တယ်လို့ ဆရာဝန်တွေ စဉ်းစားဖို့လိုကြောင်းကို အသိပေးထားတာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာတော့ ယခုအချိန်ထိ ကံအားလျော်စွာ ရောဂါပိုးတွေ့ရှိသူ မရှိသေးပါ။ တိုက်ပွဲရှောင်စခန်းမှာ စုပြုံပြီးနေနေရတဲ့ လူတွေမှာတော့ (COVID–19)ရောဂါကို ကူးစက်မှုဖြစ်မှာကို မစဉ်းစားရဲတာအမှန်ပါ။ အမှန်တကယ်လည်း ရင်လေးမိပါတယ်။ တိုက်ပွဲရှောင်စခန်းတွေမှာ တီဗွီမရှိဘူး၊ သတင်းစာမရှိဘူး၊ ဂျာနယ်မရှိဘူး၊ မည်သည့်သတင်းမှ မသိရှိရပါ။ မိမိ လက်ကိုင်ဖုန်းကို ဖွင့်ပြီး အင်တာနက်ဖွင့်လိုက်ရင် ကြည့်နိုင်ပေမယ့် အင်တာနက်တွေ ပိတ်ထား လိုက်တဲ့အခါကျတော့ ပြောဖို့ရာ စကားလုံးတောင် ရှာမတွေ့တဲ့အဆင့်ကို ရောက်ရှိခဲ့ပါတယ်။ တိုက်ပွဲရှောင်ပြည်သူများမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အသက်သေဆုံးမှာကို မစဉ်းစားနိုင်ဘဲ မိမိ ကျေးရွာမှာနေရင်း အသက်သေဆုံးမှာကို ကြောက်ရွံ့ပြီး ပြေးလာကြခြင်းဖြစ်ပါတယ်။ မိမိကျေးရွာ မှာ မိမိကိုယ်ပိုင်ပစ္စည်း၊ စပါးများ၊ အိမ်များကို ပစ်ထားခဲ့ရပြီး ခုချိန်မှာတော့ တိုက်ပွဲရှောင်စခန်းမှာ အလှူရှင်များရဲ့ လှူဒါန်းမှုနဲ့ အသက်ရှင် ရပ်တည်နေရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါ တိုက်ပွဲရှောင်

စခန်းမှာ ကိုရိုနာဗိုင်းရပ်စ်(COVID-19) ကူးစက်နိုင်ရေးနှင့် လူသားချင်းစာနာ၍ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် အစီအမံများ ဆောင်ရွက်ပေးသင့်ပါတယ်။ ကျွန်တော်တို့ လူသားများ တစ်ကမ္ဘာလုံး အခုလို ကပ်ရောဂါဖြစ်နေစဉ်မှာ ကျွန်တော်တို့မြို့နယ်မှာ တိုက်ပွဲရှောင် ပြည်သူများ ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၂။**

**ဦးစိုးအောင် (ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန )။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှ (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ဆက်လက်ထားရှိတဲ့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်များကို ပေါင်းစပ်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန်နှင့် အချက်အလက်များ ပြည့်စုံစွာ ဖြေကြားနိုင်ရေးအတွက် အချိန်ပိုမိနစ်အနည်းငယ်မျှ ထပ်ဆောင်းပေးနိုင်ပါရန်နှင့် အချို့နေရာများမှာ အင်္ဂလိပ်စာအသုံးအနှုန်းများ သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်မှာပါရှိတဲ့အတိုင်း လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19)ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တစ်ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် ၁၁-၃-၂၀၂၀ ရက်နေ့မှာ သတ်မှတ်ကြေညာထားပါတယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကလည်း ၂၈-၂-၂၀၂၀ ရက်နေ့မှာ (COVID-19) ရောဂါကို ကူးစက်မြန်ရောဂါ (သို့မဟုတ်) တိုင်ကြားရမည့် ကူးစက်ရောဂါအဖြစ်အမိန့်ထုတ်ပြန်ခဲ့ပြီး မြန်မာနိုင်ငံမှာ ၂၃-၃-၂၀၂၀ ရက်နေ့မှာ ရောဂါကူးစက်ခံရသူ(၂)ဦး စတင်တွေ့ရှိခဲ့ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့

သတင်းထုတ်ပြန်ချက်အရ မြန်မာနိုင်ငံအနေဖြင့် ၂၃-၃-၂၀၂၀ ရက်နေ့မှ ဇူလိုင်လ ၁၄ ရက်နေ့အထိ (COVID–19) အတည်ပြုလူနာ (၃၃၇)ဦး၊ ကုသမှုခံယူပြီးရောဂါပိုး ကင်းစင်လာသူ (၂၆၁)ဦး၊ သေဆုံးလူနာ(၆)ဦးရှိကြောင်း သိရှိရပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း မှာတော့ ကိုယ်စားလှယ်တော်ကြီး ရှင်းလင်းသွားတဲ့အတိုင်းပဲ ယနေ့အထိ (COVID–19)ရောဂါ အတည်ပြုလူနာ မတွေ့ရှိရသေးပါ။ (COVID–19) ရောဂါနဲ့ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့တဲ့ Coronavirus Disease 2019(COVID–19) ကာကွယ်ထိန်းချုပ် ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနဲ့ ဒုတိယသမ္မတ(၁)က ဥက္ကဋ္ဌအဖြစ် ဦးဆောင်တဲ့ Coronavirus Disease 2019(COVID–19) ထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေးကော်မတီကို ဖွဲ့စည်းပြီး ကြေညာချက်များ၊ ပန်ကြားချက်များ ထုတ်ပြန်ပြီး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် (COVID–19)ရောဂါ အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် စေတနာ့ ဝန်ထမ်း Volunteer များကို စနစ်တကျ လေ့ကျင့်ပါဝင်စေရန် ရည်ရွယ်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဦးဆောင်တဲ့ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ ဖွဲ့စည်းပြီး အဆိုပါအဖွဲ့ရဲ့ ဦးဆောင်မှု၊ နေပြည်တော်ကောင်စီနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့နဲ့ စေတနာ့ဝန်ထမ်း များရဲ့ ပူးပေါင်းကူညီမှုနဲ့ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ပြည်နယ်အဆင့် (COVID–19) ထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေးကော်မတီနဲ့ အထောက်အကူပြုလုပ်ငန်းကော်မတီ(၆)ခုကို ဖွဲ့စည်းပြီး လုပ်ငန်း တာဝန်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဇူလိုင်လ ၁၁ ရက်နေ့ စာရင်းများအရ ရခိုင်ပြည်နယ်မှာ (IDP–Internally Displaced Person) စခန်း (၁၈)ခုနဲ့ ယာယီတိုက်ပွဲရှောင်နေရာ(၁၇၃)ခုတို့မှ အိမ်ထောင်စု(၄၀၂၈၅)ခု၊ လူဦးရေ (၁၉၉၀၀၀)ကျော် နေထိုင်လျက်ရှိပြီး ကျောက်တော်မြို့နယ်အတွင်းမှာတော့ ပြည်နယ်အစိုးရက ဖွင့်လှစ်ထားတဲ့ စုရပ် စခန်း(၄)ခုနဲ့ တိုက်ပွဲရှောင်နေရာ(၁၂)ခုမှာ တိုက်ပွဲရှောင်သူ (၁၁၁၈၀)ဦးတို့ ရောက်ရှိနေပါတယ်။ (COVID–19) ရောဂါကာကွယ်ရေးအတွက် လိုအပ်ချက်များအနေဖြင့် လက်ရှိအချိန်မှာ တိုက်ပွဲရှောင် စခန်းများတွင် လူဦးရေထူထပ်စွာ နေထိုင်ရသဖြင့် Social Distancing ဆောင်ရွက်ရန် အခက်အခဲ ရှိတာတော့ အမှန်ဖြစ်ပါတယ်။ (COVID–19) ရောဂါကာကွယ်ထိန်းချုပ်ရန်အတွက် အခြား သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများရဲ့ ညှိနှိုင်းပူးပေါင်းပါဝင်မှုဖြင့် အတတ်နိုင်ဆုံး ကာကွယ်ထိန်းချုပ်မှုများဖြစ်တဲ့ လိုက်နာရန်(၄)ရပ်ကိုလည်း အသိပေး ဆောင်ရွက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အပါအဝင် ဆက်စပ်ဌာနဆိုင်ရာများ စေတနာ့ဝန်ထမ်းများနဲ့ ပူးပေါင်းပြီး တိုက်ပွဲရှောင်ပြည်သူများ စားနပ်ရိက္ခာ ပြတ်လပ်မှုမရှိစေရေး၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာမှာ မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကျောက်တော်မြို့ပေါ်ရှိ

တိုက်ပွဲရှောင်စခန်း (၁၂)ခုအတွက် စုရပ် (၄)နေရာသတ်မှတ်ပြီး အပတ်စဉ် တနင်္လာနေ့မှ စနေနေ့ အထိ ဆေးခန်းများ ဖွင့်လှစ်ကုသပေးခြင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုနဲ့ ကူးစက်ရောဂါဖြစ်ပွားမှုများအတွက် စောစီးစွာ သိရှိသတိပေး တုံ့ပြန်ဆောင်ရွက်ခြင်းစနစ်ဖြင့် ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှုများကို စောင့်ကြပ်ကြည့်ရှုခြင်းနဲ့ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊ စနစ်တကျလက်ဆေးနည်း ပညာပေးခြင်း၊ (COVID–19) ရောဂါကာကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ အသိပေးပိုစတာများကပ်ခြင်း၊ လက်ဆေးဆပ်ပြာနှင့် Mask များ ထောက်ပံ့ခြင်း၊ တိုက်ပွဲရှောင်စခန်းများ၌ ပြည်ပမှ ပြန်လာသူများရှိပါက ကျန်းမာရေးဌာနသို့ ချက်ချင်းအကြောင်းကြားနိုင်ရန် ချိတ်ဆက်စိစစ်ဆောင်ရွက်နေခြင်း၊ Quarantine Center များမှာ သီးခြားခွဲထား စောင့်ကြပ်ကြည့်ရှုခြင်းနဲ့ ကျန်းမာရေးစစ်ဆေးပြီး သက်ဆိုင်ရာနေရာများသို့ ပြန်လည်စေလွှတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်နယ်အစိုးရအဖွဲ့အား တိုက်ပွဲရှောင်စခန်းတိုင်းတွင် စခန်းစီမံခန့်ခွဲရေးကော်မတီ အပြင် စေတနာ့ဝန်ထမ်းများဦးဆောင်တဲ့ အဖွဲ့ဝင်(၅)ဦးခန့်ပါဝင်တဲ့ လုပ်ငန်းအထောက်အကူပြုအဖွဲ့ (၃)ဖွဲ့မှ (၅)ဖွဲ့အထိဖွဲ့စည်းပြီး (COVID–19)ရောဂါကာကွယ်ရေးနဲ့ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဟာ ၂၇–၃–၂၀၂၀ ရက်နေ့မှစပြီး ပြည်နယ်(၅)ခုမှာရှိတဲ့ IDP နဲ့ တိုက်ပွဲရှောင်စခန်းများကို သွားရောက်ပြီး (COVID–19)ရောဂါနဲ့ပတ်သက်၍ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ကျောက်တော်မြို့နယ်အတွင်း တိုက်ပွဲရှောင်စခန်းများတွင် (COVID–19)ရောဂါကာကွယ်ရေးနဲ့ အသိပညာပေးရေးတို့အတွက် အိမ်ထောင်စု(၂၈၂၄)စု လူဦးရေ (၁၁၀၀၀)ကျော်တို့ကို ဆပ်ပြာတောင့်၊ Surgical Mask နဲ့ အဝတ် Mask တွေ၊ Thermal Sensor တွေ၊ Hand Gel တွေ၊ Hand Speaker, Memory Sitck ဆောင်ရန်၊ ရှောင်ရန် အသိပေးနှိုးဆော်စာ Vinyl များ၊ လက်ဆေးဘေစင်များ၊ ထုံးအိတ်များကို မေလနဲ့ ဇွန်လအတွင်းမှာ ထောက်ပံ့ပေးခဲ့ပါတယ်။

ဆက်လက်ပြီးတော့လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ကျောက်တော်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာတိုက်ပွဲရှောင်ပြည်သူများ စားနပ်ရိက္ခာပြေလည်စေရေးအတွက်လည်း စားနပ်ရိက္ခာဖိုးနဲ့ တိုက်ပွဲများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကနေစပြီး ယခု ၁၁–၆–၂၀၂၀ ရက်နေ့အတွင်း ကျပ်(၂၇၁) သန်းကျော် ထောက်ပံ့ခဲ့ပါတယ်။ ထို့အပြင် ICRC, WFD အပါအဝင် UN, INGO, NGO အဖွဲ့အစည်းများကလည်း စားနပ်ရိက္ခာများ၊ အစားအသောက်မဟုတ်သည့် အသုံးအဆောင်ပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီရဲ့ ခွင့်ပြုချက်နဲ့ တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများကို ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဒါ့အပြင် IDP

စခန်းနဲ့ တိုက်ပွဲရှောင်စခန်းများတွင် (COVID-19)ကူးစက်ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ငန်းများကို အချိန်မြင့်တင်၍ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်တဲ့ ပစ္စည်းများ ဝယ်ယူထောက်ပံ့နိုင်ရန် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနကို ငွေကျပ်(၂.၁)ဘီလီယံ ကုန်ကျမယ့် လုပ်ငန်းအစီအစဉ်နဲ့ အမျိုးသားအဆင့်ဗဟိုကော်မတီကို တင်ပြခွင့်ပြုချက် ရယူပြီး အဆိုပါ စခန်းများမှာ အဝတ်နှာခေါင်းစည်းတွေ၊ ဆပ်ပြာတောင့်တွေ၊ အိမ်ထောင်စုအလိုက် Hand Sanitizer တွေ၊ စခန်းအလိုက် Infrared Thermometer တွေ၊ ထုံးအိတ်တွေ လက်ဆေး ဘေစင်များနဲ့ စခန်းများတွင် (COVID-19)သံသယလူနာများတွေ့ရှိပါက သီးခြားထားရှိရန် ယာယီ အဆောက်အအုံများ ဆောက်လုပ်ရန် ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ကျောက်တော်မြို့နယ်အပါအဝင် တင်ပြပါ မြို့နယ် (၆)မြို့နယ်မှာ အမျိုးသားကမ္ဘာ့ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေနဲ့ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတို့ ပူးပေါင်းပြီး စုစုပေါင်း ငွေကျပ် (၁.၆)ဘီလီယံကျော်ဖြင့် စခန်းပေါင်း (၇)ခုကို တည်ဆောက်ပေးခဲ့ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့အား ကျောက်တော်မြို့နယ်ကို ထပ်မံရောက်ရှိလာတဲ့ တိုက်ပွဲရှောင်ပြည်သူများ နေထိုင်နိုင်ရန်အတွက် လူနေအဆောက်အအုံ တန်းလျား(၄)လုံးနဲ့ (၂)ခန်းတွဲအိမ်သာ (၁၆)လုံးကို ငွေကျပ်(၈၈.၇၂၀)သန်း အကုန်အကျခံပြီး ထပ်မံဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့လည်း ကျောက်တော်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာအုပ်စုများမှာ ကိုယ်ဝန်ဆောင်မိခင်နဲ့ သူတို့က မွေးဖွားလာတဲ့ (၂)နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့မှုအစီအစဉ်အရ အကျိုးခံစားခွင့်ရှိသူ(၁၃၃၆၅)ဦးနဲ့ အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အို လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူ(၈၇၄)ဦးကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးလျက်ရှိရာ ကန်စောက်ကယ်ဆယ်ရေးစခန်း၊ နေပူခံ တိုက်ပွဲရှောင်စုရပ်နဲ့၊ ဝါးထောင် တိုက်ပွဲရှောင် စခန်းတို့မှာ ရောက်ရှိနေတဲ့ အကျိုးခံစားခွင့်ရှိသူ ကိုယ်ဝန်ဆောင်မိခင်နဲ့ ကလေး(၉၅)ဦးကို (၃)လ(၁)ကြိမ် ထောက်ပံ့ပေးလျက်ရှိပါတယ်။

COVID-19 ကာလမှာလည်း နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ Livelihoods and Food Security Fund (LIFT) နဲ့ပူးပေါင်းပြီး အပိုဆောင်း ထောက်ပံ့ငွေအနေနဲ့ အထက်ပါ MCCT-Maternal and Child Cash Transfer ထောက်ပံ့မှုနဲ့ လူမှုရေးပင်စင်ထောက်ပံ့မှုများမှာ ထပ်ဆောင်းထောက်ပံ့တဲ့ အစီအစဉ်ဖြင့် ထောက်ပံ့ပေးလျက်ရှိရာ ကျောက်တော်မြို့နယ်မှ အကျိုးခံစားခွင့်ရှိသူ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်နဲ့ သူတို့ရဲ့ မွေးဖွားလာတဲ့ကလေး၊ စုစုပေါင်း (၁၄၂၉၃)ဦးကို (၁)ဦးလျှင် (၁)ကြိမ်အနေနဲ့ ကျပ်(၃၀၀၀၀)နှုန်းနဲ့ ထောက်ပံ့မှုဆောင်ရွက်လျက်ရှိရာမှာ ကျောက်တော်မြို့နယ်အတွက် ကျပ်သိန်းပေါင်း(၄၂၇၁)သိန်း ထောက်ပံ့ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေနဲ့လည်း (COVID–19) ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှု သက်သာစေရေးစီမံချက်၊ (COVID–19) Economic Relief Plan – (CERP) နဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ဝန်ကြီး ဌာနအနေနဲ့ ထောက်ပံ့မှုကိုရရှိထားပါတယ်။ ဒီထောက်ပံ့မှုတွေကတော့ အဓိကအားဖြင့် ရေရှားပါး ပြတ်လပ်တဲ့ဒေသမှာ သောက်သုံးရေများသိုလှောင်ရန် ဖိုင်ဘာရေတိုင်ကီထောက်ပံ့တာတွေ၊ (IDP) စခန်းများနဲ့ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနေရာသစ်တွေမှာ သောက်သုံးရေ ရရှိရေး၊ လုပ်ငန်းများဆောင်ရွက်တာတွေ၊ (IDP)စခန်းများနဲ့ တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်သူများအား စားသောက်ကုန်(၅)မျိုးဝယ်ယူရန် ကုန်ကျငွေကို အိမ်ထောင်စုအလိုက် ထောက်ပံ့ခြင်း၊ ဒါကတော့ (၁)ကြိမ်ကို ကျပ်(၄၀၀၀၀)နှုန်းနဲ့ (၂)ကြိမ် စုစုပေါင်း ကျပ်(၈၀၀၀၀)ကို ထောက်ပံ့ပေးပါတယ်။

ဒါတွေဟာ ဒီဘတ်ဂျက်ကာလအတွင်းမှာ အပြီးထောက်ပံ့ပေးရမှာဖြစ်ပါတယ်။ ဒီအပြင် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ မူလတန်းကျောင်းသို့ တက်ရောက်တဲ့ ကျောင်းသား၊ ကျောင်းသူတွေ၊ (IDP)စခန်းများနဲ့ တိုက်ပွဲရှောင်စခန်းများရှိ အိမ်ထောင်စုများမှ မူလတန်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းစိမ်းဝတ်စုံ ထောက်ပံ့တာတွေ၊ Facility Quarantine Center အဖြစ် အသုံးပြုနိုင်မယ့် Cyclone Shelter တွေ၊ Multi–Purpose Shelter တွေမှာ လက်ဆေးဘေစင် များဆောင်ရွက်ခြင်းအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထောက်ပံ့ရန် အစီအစဉ်ဖြစ်တဲ့ အသက် (၈၀)နှစ်မှ (၈၄)နှစ်အကြား သက်ကြီးရွယ်အိုများအား ထောက်ပံ့ကြေးကျပ်(၃၀၀၀၀) တစ်ကြိမ်သာ၊ ဒါကတော့ ကျွန်တော်တို့ ပထမ နိုင်ငံတော်အစီအစဉ်ကတော့ လူမှုရေးပင်စင်ကို အသက် (၈၅)နှစ် နှင့်အထက်ကို ထောက်ပံ့တာ နိုင်ငံတော်ရဲ့ မူလအစီအစဉ်ဖြစ်ပါတယ်။ အခု COVID – 19 ကာလမှာ ကတော့ CERP–(COVID 19 Economic Relief Plan) အရ အသက် (၈၀)နှစ်မှ (၈၄)နှစ်ကြား သက်ကြီးရွယ်အိုတွေကို အထူးထောက်ပံ့မှုအနေနဲ့ ကျပ် (၃၀၀၀၀) တစ်ကြိမ် ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ နောက် မသန်စွမ်းသူများ ထောက်ပံ့ခြင်း၊ သူတို့ကိုလည်း ကျပ်(၃၀၀၀၀) တစ်ကြိမ် ရရှိမှာဖြစ်ပါတယ်။ နောက် အနာကြီးရောဂါ ခံစားရသူများကိုလည်း ထောက်ပံ့ပေးခြင်း၊ သူတို့ကိုတော့ ကျပ်(၅၀၀၀၀) ထောက်ပံ့ပါမယ်။ မူလ MCCT ထောက်ပံ့မှုမရရှိသေးတဲ့ တိုင်းဒေသကြီး၊ ပြည်နယ် တွေမှာရှိတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေအတွက်ကိုလည်း MCCT ပုံစံနဲ့ ထောက်ပံ့ခြင်းတွေကို ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါတွေပေါ်မှာလည်း တင်ပြတောင်းခံခွင့်ပြုချက် ရရှိပြီးဖြစ်တဲ့အတွက် ကျောက်တော်မြို့နယ်အတွင်းမှာရှိတဲ့ အကျိုးခံစားခွင့် ရရှိသူများကိုလည်း ဆက်လက်ထောက်ပံ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းနှင့်စပ်လျဉ်း၍ COVID – 19 ကာကွယ် ထိန်းချုပ်ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၊ COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ၊ ပြည်နယ်အဆင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့်

အထောက်အကူပြုလုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စေတနာ့ဝန်ထမ်းများကလည်း ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပြီး တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်သူများအတွက် ပုံမှန်ထောက်ပံ့မှုများအပြင် COVID-19 ကာလလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းတို့ကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ အခြားဆက်စပ်ဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာတင်ပြပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။မိုက်ပေးလိုက်ပါ။

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)။** ။မေးခွန်းလာဖြေပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးအများကြီး တင်ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့်လေး ဖြေသွားတာတွေ့ရပါတယ်။ ဒီမေးခွန်းနှင့် ဆက်စပ်ပြီးသိချင်တာက တိုက်ပွဲရှောင်စခန်းတွေက ကျောက်တော်မြို့တင်မဟုတ်ဘဲ ရခိုင်ပြည်နယ် (၁၁)မြို့နယ်လောက်မှာရှိနေပါတယ်။ ကျွန်တော်တို့မြို့နယ်မှာတော့ လောလောဆယ် ဦးတည်ပြီး မေးလိုက်တာပါ။ ရခိုင်ပြည်နယ်ရော အကုန်လုံး မြို့နယ်(၁၁)ခုမှာရော ဝန်ကြီးဖြေသွားတာတော့ လူဦးရေ (၄၀၀၀၀)ကျော်ပဲ ရှိတယ်ဆိုပြီး ဖြေသွားပါတယ်။ ကျွန်တော်တို့ အပြင်စာရင်းအရဆိုလို့ရှိရင် လူဦးရေ(၂)သိန်းကျော်လောက်ရှိပါတယ်။ အဲဒီစခန်းတွေကိုရော ဝန်ကြီးအနေနဲ့ ဒုက္ခသည်စခန်းအနေနဲ့ အသိအမှတ်ပြုပါသလားဆိုတဲ့ မေးခွန်းကို မေးချင်ပါတယ်။ နောက်ပြီးရင် ဒီစခန်းတွေမှာရော ရခိုင်ပြည်နယ် တစ်ပြည်လုံးအတွက်ရော အခုလို မျိုးလုပ်တာများရှိပါသလား။ အဲဒါလေးမေးချင်ပါတယ်။ ဒီတစ်ခေါက် လွှတ်တော်ပိတ်တော့ ကျောက်တော်မြို့နယ်ကို ရောက်တဲ့အချိန်က ဒုက္ခသည်စခန်းတွေကို ကျွန်တော် ရောက်ပါတယ်။ ရောက်တဲ့အချိန်မှာ ဝန်ကြီးတို့လှူထား တာ ရေပုံးတွေ တွေ့ပါတယ်။ ရေပုံးတွေ တွေ့ပေမယ့် ဆပ်ပြာလဲ ဘေးနားမှာရှိတယ်။ ဒါပေမယ့် ရေမရှိတဲ့အခါကျတော့ လက်ဆေးလို့မရတဲ့အဆင့်မှာ ရှိပါတယ်။ အဲဒါတွေကိုရော သေချာစီမံမှုလေးတွေရော ရှိပါသလားဆိုတဲ့ဥစ္စာကို ထပ်ပြီး မေးချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးစိုးအောင် (ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန )။** ။ကျေးဇူးတင်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီးမေးထားတဲ့ မေးခွန်းမှာ ကျွန်တော်တို့ ဖြေကြားတဲ့အထဲမှာလည်း ဒီရခိုင်ပြည်နယ်တစ်ခုလုံးမှာ လူဦးရေ တစ်သိန်းကျော်ရှိတယ်ဆိုတဲ့ဟာ ဒါ မှန်ပါတယ်။ ကျွန်တော့်ရဲ့ ဖြေကြားချက်မှာ ဇူလိုင်လ ၁၁ ရက်နေ့အထိ စာရင်းများအရ ရခိုင်ပြည်နယ်အတွင်းမှာ တိုက်ပွဲရှောင်နေရာတွေမှာရော ရောက်ရှိနေတဲ့နေရာတွေမှာ အားလုံးပေါင်း (IDP) စခန်းရောဆိုရင် ကျွန်တော်တို့လူဦးရေ (၂၀၀၀၀၀)လောက်ရှိပါတယ်။ ဒါကိုလည်း ကျွန်တော် စောစောက တင်ပြတဲ့အထဲမှာပါပါတယ်။

ကျောက်တော်မြို့နယ်မှာကတော့ တိုက်ပွဲရှောင်(၁၀၀၀၀)ကျော် ကျွန်တော်တို့ရှိကြောင်း တင်ပြပါတယ်။ ကျွန်တော် စောစောကတင်ပြခဲ့တဲ့ ထောက်ပံ့မှုတွေ ကျွန်တော်တို့ COVID – 19 ကနေ ထောက်ပံ့မှုတွေအားလုံးဟာ စောစောကတင်ပြခဲ့တဲ့ အစီအမံတွေအားလုံးမှာ အကျုံးဝင်ပြီးဖြစ်ပါတယ်။ COVID–19 က ထောက်ပံ့မယ့်ကိစ္စရယ် နောက်တစ်ခါလက်ရှိ ထောက်ပံ့မှုအားလုံးဟာလည်း ရခိုင်ပြည်နယ်တစ်ခုလုံး တိုက်ပွဲရှောင်ပြည်သူများအတွက်ကို အကျုံးဝင်ကြောင်း တင်ပြပါတယ်။ နောက်တစ်ချက်ကတော့ ဆပ်ပြာနဲ့ ရေကိစ္စ ဒါတွေကိုလည်း စောစောကပြောသလို အကျဉ်းချုပ်အနေနဲ့ တင်ပြလိုက်တာဖြစ်ပါတယ်။

အဲဒီအထဲမှာ တိုက်ပွဲရှောင်စခန်းမှာဆိုလို့ရှိရင် (၁)လမှာ အိမ်ထောင်စု(၁)စုကို ဆပ်ပြာတောင့် (၁)တောင့်နှုန်းပေါ့။ (၂)ခဲပေါ့ခင်ဗျား။ ဒါမျိုးကို ထောက်ပံ့ပေးတာတွေရှိပါတယ်။ နောက်တစ်ခုကတော့ ဘေစင်နဲ့ရေ ဒီဟာကိုလည်း စောစောက ကျွန်တော်တင်ပြခဲ့တဲ့ ငွေကျပ် (၂.၁)ဘီလီယံထဲမှာလည်း ပါဝင်သလို COVID – 19 အရ ကျွန်တော်တို့ ထောက်ပံ့မှုထဲမှာလည်း ပါ ပါတယ်။ (IDP) စခန်းများနဲ့ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး နေရာသစ်များတွင် သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ခြင်းဆိုတာပါပါတယ်။ အဲဒီအတွက်ကိုလည်း အဆင့်လိုက် အဆင့်လိုက်နဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀:၂၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့နယ်၊ ချောင်းဝကျေးရွာအုပ်စုနှင့် မင်းပြင်ကျေးရွာအုပ်စု၊ ပြင်ရှည် – ကုလာဘာ ကျေးရွာချင်းဆက်လမ်းပေါ်တွင်ရှိသော တံတား(၃)စင်းအား ဘတ်ဂျက်သတ်မှတ်နှစ်အတွင်း မပြီးစီးသည့်ကိစ္စနှင့် စပ်လျဉ်း၍ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၈။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျောက်ဖြူမြို့နယ်အတွင်းမှာရှိတဲ့ မင်းပြင်အုပ်စုနဲ့ ချောင်းဝအုပ်စုတို့ကို ဆက်သွယ်ထားတဲ့ တံတားတစ်စင်းတို့ နောက်ချောင်းဝအုပ်စုမှာရှိတဲ့ ပြင်ရှည် – ကုလာဘာလမ်းမှာရှိတဲ့ တံတား(၂)စင်းတို့ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်ခဲ့တာနဲ့ ပတ်သက်ပြီး သတ်မှတ်ဘဏ္ဍာနှစ်အတွင်း မပြီးစီးခြင်းကို သိရှိလိုတဲ့အတွက် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၊ ၁၉–၁၂–၂၀၁၉ ရက်မှာတင်ခဲ့တာ ယခုအချိန်မှာဆိုရင် ကာလအားဖြင့် (၇)လရှိနေပါပြီ။ ဒါကြောင့် ဒီတံတား(၃)စင်းနဲ့ပတ်သက်ပြီး မေးမြန်းမှာဖြစ်ပါတယ်။ မင်းပြင်နှင့် ချောင်းဝအုပ်စုကို တည်ဆောက်ထားတဲ့ (၁၀၀ x ၁၆)ပေ တံတားကို သတ်မှတ်ကာလ အချိန်အတွင်းမှာ ချဉ်းကပ်ခုံတစ်ဖက်သာပြီးခဲ့ပြီး (၆၀ x ၂၄)ပေ တံတားဟာလည်း သတ်မှတ်ကာလအချိန်အတွင်းမှာ ချဉ်းကပ်ခုံနှစ်ခုံသာ ပြီးခဲ့ပါတယ်။ အဆိုးဆုံးမှာ (၃၀ x ၂၄)ပေ ရှိတဲ့တံတားဟာ ဘာတစ်ခုမှမလုပ်သေးဘဲနဲ့ ဘဏ္ဍာနှစ်ဟာ ကုန်ဆုံးသွားပါတယ်။ ကျွန်တော်မေးတဲ့ အချိန်မှာဆိုရင် ဘဏ္ဍာနှစ်ကျော်လွန်တာ (၃)လတောင်ရှိနေပါပြီ ကျွန်တော်မေးခွန်းတင်ထားတဲ့ အချိန်မှာပဲ ဒီလုပ်ငန်းတွေကို ဌာနက ဆက်လုပ်တာ တွေ့ရပါတယ်။

ဒါ့ကြောင့် ဒီလိုမျိုး ဌာနကလုပ်တဲ့ဟာမို့လို့ လုပ်ခွင့်ရောရှိပါသလား။ လုပ်လို့ရောရပါသလား။ ကျွန်တော်တို့သိထားတာက လုပ်ငန်းပမာဏပြီးတဲ့အတိုင်းပဲ ဘတ်ဂျက်တွေကို သုံးခွင့်ရှိပြီးတော့ သတ်မှတ်အချိန်အတွင်းမှာ လုပ်ငန်းမပြီးခဲ့ဘူးဆိုလို့ရှိရင် ဘဏ္ဍာငွေတွေကို ပြန်အပ်ရတယ်ဆိုတာကို သိရပါတယ်။ ဒါကြောင့်ဒီလို လုပ်ငန်းတွေကိုမပြီးဘဲနဲ့ နိုင်ငံ့ဘဏ္ဍာငွေတွေကို ဒီလို

အလွဲသုံးစား လုပ်ခွင့်ရှိပါသလားလို့ ကျွန်တော်မေးရခြင်းဖြစ်ပါတယ်။ (၁၀၀ x ၁၆)ပေ တံတားကို နိုင်ငံတော်ဘဏ္ဍာငွေ ချပေးတာ ကျပ်သန်း(၂၀၀)ပါ။ ဒီတော့ ချဉ်းကပ်ခုံ တစ်ခုံပဲပြီးတဲ့အတွက် ကျပ်သန်း (၂၀၀)နဲ့လုပ်ငန်းနဲ့ပြီးတာ မမျှတပါဘူး။ ဘာကြောင့်လဲသိချင်လို့ မေးရခြင်းဖြစ်ပါတယ်။ ဒီလိုပဲ (၆၀ x ၄၀)ပေရှိတဲ့ တံတားကို ကျပ်သန်း(၁၂၀)ပေးထားပါတယ်။ ဒါမှာတော့ ချဉ်းကပ်ခုံနှစ်ခုံ ပြီးတဲ့အတွက် လက်ခံနိုင်စရာရှိပေမယ်လို့ (၃၀x၂၄)ပေတံတားအား ကျပ်သန်း(၆၀)ပေးထားတာကို ဘာတစ်ခုမှမလုပ်ဘဲ ဒီအတိုင်းထားတာ သက်ဆိုင်ရာတာဝန်ရှိတဲ့ လုပ်ငန်းစိစစ်ရေးအဖွဲ့တို့ QC တို့ဟာ ဘာမှမလုပ်ခဲ့ဘူးလား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလိုမျိုး ဌာနဆိုင်ရာတွေကလုပ်တဲ့ အဆောက်အဦ တွေ လမ်းတံတားတွေမှာ သတ်မှတ်ကာလအချိန်အတွင်း မပြီးစီးခဲ့လို့ရှိရင် နိုင်ငံတော်ဘဏ္ဍာငွေ အလေအလွင့်ဖြစ်သလို လူတွေအတွက်လည်း အကျိုးမရှိတာဖြစ်တဲ့အတွက် ကျွန်တော်မေးမြန်းရ ခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ မင်းတပ်ခရိုင်နှင့် မတူပီခရိုင်ကို ဆက်သွယ်သော မင်းတပ်-မတူပီခရိုင်လမ်းမကြီး အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လမ်းတာချဲ့ရန် ကျန်ရှိနေသော (၁၆/၃)မိုင်အား (၃၄)ပေ တာချဲ့ခြင်းနှင့် ကတ္တရာလမ်းခင်းခြင်း အပြီးသတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀:၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၂။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်နှင့် မတူပီခရိုင်ကို ဆက်သွယ်သော မင်းတပ်-မတူပီခရိုင်လမ်းမကြီးအား လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လမ်းတာချဲ့ရန် ကျန်ရှိနေသော (၁၆)မိုင် (၃)ဖာလုံအား (၃၄)ပေအကျယ် လမ်းတာချဲ့ခြင်းနှင့် ကတ္တရာခင်းရန် ကျန်ရှိသောနေရာ များကို အပြီးအစီးခင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ချင်းပြည်နယ်၊ မင်းတပ်ခရိုင်နှင့် မတူပီခရိုင်ကို ဆက်သွယ်သော မင်းတပ်-မတူပီ ကားလမ်းသည် (၁၀၂)မိုင် ရှည်လျားပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပါတယ်။ ချင်းပြည်နယ်သည် ကားလမ်းတစ်ခုတည်းကိုသာ အဓိကအားထားရပါတယ်။ ထို့ကြောင့် မင်းတပ်-

မတူပီလမ်းသည် မတူပီခရိုင်အတွက် တစ်ခုတည်းသော ပင်မကျောရိုးသဖွယ် အားထားရတဲ့ ဝင်ပေါက်၊ ထွက်ပေါက်လမ်း ဖြစ်ပါတယ်။ ဒီလမ်းသည် မတူပီခရိုင်ရှိ ပလက်ဝမြို့နယ်နှင့် မတူပီမြို့နယ်မှ ဒေသခံပြည်သူလူထု (၁)သိန်းကျော် အားကိုးအားထားပြုရတဲ့လမ်း ဖြစ်ပါတယ်။ တောင်ပေါ်လမ်း (၁၀၂)မိုင်ဟူသော အကွာအဝေးသည် ပုံမှန်အားဖြင့် (၅)နာရီခန့်သာ ကြာမြင့်မယ့် ခရီးဖြစ်သော်လည်း ကတ္တရာလမ်းပျက်စီးသွားသည့် နောက်ပိုင်းတွင် (၇)နာရီ (၈)နာရီအထိ ကြာမြင့်နေပြီဖြစ်ပါတယ်။

မင်းတပ်-မတူပီလမ်းသည် မြေညီလမ်း၊ အမာခံလမ်းအဆင့်မှ ကတ္တရာလမ်းအဖြစ် လမ်းခင်းခြင်းလုပ်ငန်းကို ၁၄-၁၂-၂၀၁၄ ရက်နေ့တွင် စတင်ပြီးတော့မှ ၂၀-၇-၂၀၁၆ ရက်နေ့တွင် ကတ္တရာလမ်းအဖြစ် ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ မင်းတပ် - မတူပီလမ်းသည် တောင်ပေါ်လမ်းဖြစ်၍ အကောက်အကွေ့များပြားခြင်း၊ လမ်းကျဉ်းမြောင်းခြင်းတို့ကြောင့် ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ (၃၄)ပေအကျယ် လမ်းတာချဲ့ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ပါတယ်။ လမ်းတာချဲ့ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ရန် လိုအပ်တဲ့နေရာများမှာ မိုင်တိုင်အမှတ် (၅)မိုင်မှ မိုင်တိုင်အမှတ် (၉)မိုင် (၃)ဖာလုံအထိလည်းကောင်း၊ (၁၆)မိုင်မှ (၂၄)မိုင်အထိလည်းကောင်း၊ မိုင်တိုင်အမှတ်(၇၅)မိုင် (၂)ဖာလုံမှ (၇၉)မိုင် (၂)ဖာလုံအထိလည်းကောင်း စုစုပေါင်း (၁၆)မိုင်နဲ့ (၃)ဖာလုံခန့် ကျန်ရှိနေတာကို တွေ့ရပါတယ်။ ထို့အပြင် လမ်းတာချဲ့ခြင်းလုပ်ငန်းများ (၃)နှစ်အတွင်း လုပ်ဆောင်ခြင်းကြောင့် ယခင်က ခင်းထားတဲ့ကတ္တရာလမ်း (၆၀)ရာခိုင်နှုန်းကျော် ပျက်စီးသွားသည်ကိုလည်း တွေ့ရှိရပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ မတ်လအထိ မင်းတပ် - မတူပီလမ်း (၁၀၂)မိုင်သည် (၇၀) ရာခိုင်နှုန်းခန့်သာ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ပြီးစီးနေကြောင်း သိရှိရပါတယ်။ ကျန်ရှိသော (၃၀)ရာခိုင်နှုန်းခန့်သည် အမာခံလမ်းအဆင့်သာ ရှိနေသည်ကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ဖြင့် တင်ပြခွင့်ပြုရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒီဟာကတော့ မတူပီမြို့အဝင် မင်းတပ် - မတူပီ ခရိုင်ချင်းဆက် လမ်းမကြီး ဖြစ်ပါတယ်။ ကျွန်တော် အောက်ကပုံကို မြားနဲ့ပြထားတယ်။ ဒီလိုပဲ ကတ္တရာတွေက နည်းနည်းလေးပဲ ကျန်တော့တယ်။ ကျန်တဲ့နေရာ အမာခံလမ်းအဆင့်သာ ဖြစ်နေပါတယ်။ ဒါ မြို့အဝင်ဖြစ်ပါတယ်။ ဒီဟာလည်း ကြည့်မယ်ဆိုလို့ရှိရင်တော့ ကတ္တရာကို မတွေ့ရတော့ပါဘူး။ ဗွက်တွေဘာတွေနဲ့ ခက်ခဲစွာပဲ သွားလာနေရပါတယ်။ ဒီဟာ ခရိုင်ချင်းဆက်လမ်းနဲ့ မတူတော့ဘဲနဲ့ ကျေးရွာချင်းဆက်လမ်းအနေအထား ရောက်ရှိနေတာကို အားလုံး တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါကတော့ မင်းတပ် - မတူပီခရိုင်ချင်းဆက်လမ်းမကို ပလက်ဝ လွှတ်တော်ကိုယ်စားလှယ်နဲ့ ကျွန်တော်ကိုယ်တိုင် ပြီးခဲ့တဲ့ ဇွန်လနောက်ဆုံးအပတ်က ကွင်းဆင်းတဲ့ မှတ်တမ်းဓာတ်ပုံဖြစ်ပါတယ်။ ဒီဟာလည်း မတူပီမြို့အထွက်နားလေးမှာ ဒီလိုကတ္တရာလမ်းတွေ မကျန်တော့တာကို Power Point မှာ တင်ပြထားတာ ဖြစ်ပါတယ်။ ညာဖက်ခြမ်းကပုံကတော့ မတူပီခရိုင်နဲ့ မင်းတပ်ခရိုင်ကို ဆက်သွယ်တဲ့လမ်း ဖြစ်ပါတယ်။

(၁၀၂)မိုင် အတိုင်းအတာဆိုပေမယ့် မတူပီဘက် မိုင်တိုင် (၇၄)ကနဲ့ မတူပီဘက်ကဆိုရင် ကတ္တရာလမ်းကို ခုနပုံမှာ မြင်တွေ့ရတဲ့အတိုင်းပဲ မရှိသလောက်ဖြစ်နေတာကို တွေ့ရပါတယ်။ မိုးများတဲ့ဒေသလည်းဖြစ်ပါတယ်။ အဲဒါကြောင့် မိုးတွင်းဆိုလို့ရှိရင် သွားလာရတာ အင်မတန်မှ ခက်ခဲပါတယ်။ ဒါကြောင့်မို့လို့ ဒီ မင်းတပ်- မတူပီ ခရိုင်ချင်းဆက်လမ်းကို လာမည့်ဘဏ္ဍာရေးနှစ်မှာ လမ်းတာချဲ့ရန်ကျန်ရှိတဲ့ (၁၆)မိုင်(၃)ဖာလုံနဲ့ ဒီ ကတ္တရာလမ်းခင်းရန် ကျန်ရှိနေတဲ့ ဒီ(၃၀)ရာခိုင်နှုန်းကို အပြီးသတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မတူပီမြို့အဝင် မင်းတပ်-မတူပီ ခရိုင်ချင်းဆက် လမ်းမကြီး မြင်ကွင်းပုံ (၄)



မင်းတပ်-မတူပီ ခရိုင်ချင်းဆက်လမ်း ကွင်းဆင်းမှတ်တမ်း မြင်ကွင်းပုံ (၄-၁)



မတူပီမြို့အဝင် မင်းတပ်-မတူပီ ခရိုင်ချင်းဆက်လမ်းမကြီး မြင်ကွင်းပုံ (င-၂)



**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့ရှိ မုံရွာ – အရာတော် – ရွှေဘိုလမ်းမှ (မကျီးစောက်ကျေးရွာမှ ဆင်တလည်ကျေးရွာအထိ) လမ်းအရှည် (၉)မိုင် (၄)ဖာလုံ၊ လမ်းအကျယ် (၃၅)ပေရှိသောလမ်းတွင် (၄)မိုင် (၀.၅)ဖာလုံကို မြေလမ်းမှ ကျောက်လမ်းအဖြစ်သို့လည်းကောင်း၊ (၄)မိုင် (၇)ဖာလုံကို ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ်သို့လည်းကောင်း ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၈။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်မှာရှိတဲ့ မုံရွာ – အရာတော် – ရွှေဘိုလမ်းမှာ (မကျီးစောက်ကျေးရွာမှ ဆင်တလည်ကျေးရွာအထိ) လမ်းအရှည် (၉)မိုင် (၄)ဖာလုံ၊ လမ်းအကျယ် (၃၅)ပေရှိတဲ့လမ်းမှာ မြေလမ်းမှ ကျောက်လမ်းအဖြစ်သို့ (၄)မိုင်(၅)ဖာလုံ၊ ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ်သို့ (၄)မိုင်(၇)ဖာလုံ လမ်းပိုင်းတို့အတွက် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန် ၂၀၂၀ – ၂၀၂၁ ဘတ်ဂျက်မှာ ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်ဟာ ဖွံ့ဖြိုးစပြုနေတဲ့ မြို့နယ်ဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းများဖြင့် အဓိကထား အသက်မွေးရပေမယ်လို့ ဆည်မြောင်းတာတမံများမှ ရေပုံမှန်မလာသည့်အတွက် လုပ်ငန်းများ အစဉ်တစိုက်

အဆင်မပြေကြပါဘူး။ လမ်းပန်းဆက်သွယ်ရေးကို အားကိုးပြီးတော့ ရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ကြရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု တင်ပြတောင်းခံတဲ့ ဖွံ့ဖြိုးရေးလမ်းဟာ မုံရွာ - အရာတော် - ရွှေဘိုလမ်းမှ မကျီးစောက်- ငါးရဟိုး၊ ဆိပ်ဖူးကြီး- စပါးတွင်း- လက်ပန်သာ- သလဲဘာ-ဆင်တလည်ကျေးရွာများ သွားတဲ့လမ်းဖြစ်ပါတယ်။ လမ်းအရှည်ကတော့ (၉)မိုင် (၄)ဖာလုံ ရှည်လျားပြီးတော့ လမ်းအကျယ်မှာ (၃၅)ပေရှိပါတယ်။ အဲဒီ ဆင်တလည်ကျေးရွာကနေ ခရီးဆက် သွားလို့ရှိရင် မူး-မန္တလေးကျေးရွာအထိ (၁၁)မိုင် (၅)ဖာလုံ အရှည်ရှိပါတယ်။ အဲဒီလမ်းကတော့ အဆင့်မြှင့်တင်ပြီးသားလမ်းဖြစ်ပါတယ်။ ယခုတင်ပြတောင်းခံတဲ့ မကျီးစောက်ကျေးရွာမှ ဆင်တလည် ကျေးရွာအထိ လမ်းကတော့ အဆင့်မြှင့်တင်ဖို့ လိုအပ်နေပါတယ်။ (၄)မိုင် (၅)ဖာလုံက မြေသားလမ်း မှ ကျောက်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ရန် လိုအပ်ပါတယ်။ (၄)မိုင် (၇)ဖာလုံက ကျောက်လမ်း ကနေမှ ကတ္တရာလမ်းအဖြစ်ကို အဆင့်မြှင့်တင်ဖို့ လိုအပ်ပါတယ်။ ကုန်ကျစရိတ်ကတော့ မြေသား လမ်းမှ ကျောက်လမ်းကို အဆင့်မြှင့်တင်ရန် (၄)မိုင် (၅)ဖာလုံအတွက် ကျပ်(၂၉၂.၅၀)သန်း လိုအပ် ပါမယ်။ ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ရန် (၄)မိုင် (၇)ဖာလုံအတွက် ကျပ် (၃၅၁.၀၀)သန်းအထိ လိုအပ်ပါတယ်။ အဆိုပါ လမ်းနှစ်ပိုင်းအတွက် စုစုပေါင်း ကုန်ကျစရိတ်ကတော့ ကျပ်(၆၄၃.၅၀)သန်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြတောင်းခံတဲ့ လမ်းနှစ်ပိုင်းကို တင်ပြထား တဲ့အတိုင်း အဆင့်မြှင့်တင်ပေးမယ်ဆိုရင် ကျေးရွာ(၂၀)အတွက် အကျိုးရှိမှာဖြစ်ပါတယ်။ အဆိုပါ ကျေးရွာတို့အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီးတော့ ရာသီမရွေးသွားလာနိုင်မှာ လည်းဖြစ်ပါတယ်။ ကျွန်တော် အထက်ကတင်ပြခဲ့တဲ့အတိုင်း နေထိုင်ကြတဲ့ လယ်သမားအများစု အတွက် ဆည်မြောင်းတာတမံများ အားကိုးပြီး စိုက်ပျိုးရေးကို အသက်မွေးမှုလုပ်ငန်းအတွက် အားကိုးစရာ မဖြစ်နိုင်ကြလို့ လမ်းပန်းဆက်သွယ်ရေးကို အားကိုးပြီးတော့ အရောင်းအဝယ်လုပ်ငန်း အတွက် အဓိကအားကိုးရမယ့် လမ်းဖြစ်နေပါတယ်။

ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကအစ ဖွံ့ဖြိုးမှုလုပ်ငန်းများကို များစွာဖြစ်ပေါ်နိုင်တဲ့ အတွက် တင်ပြထားတဲ့ လမ်းပိုင်းတို့ကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ၂၀၂၀-၂၀၂၁ ဘတ်ဂျက်မှာ ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ၊ မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၄၁။**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန )။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့နယ်၊ ချောင်းဝကျေးရွာအုပ်စုနှင့် မင်းပြင်ကျေးရွာအုပ်စု၊ ပြင်ရှည်–ကုလာဘာ ကျေးရွာချင်းဆက်လမ်းပေါ်တွင် တည်ရှိသော တံတား(၃)စင်းအား ဘတ်ဂျက်သတ်မှတ်နှစ်အတွင်း မပြီးစီးသည့်ကိစ္စနှင့် စပ်လျဉ်း၍ သိရှိလိုသည့်မေးခွန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ပြင်ရှည် – ကုလာဘာ ကျေးရွာချင်းဆက်လမ်းပေါ်တွင် အရှည်(၃၀)ပေ တံတား(၁)စင်း၊ အရှည်(၆၀)ပေ တံတား(၁)စင်းနှင့် ရေနံတောင်–ချောင်းဝလမ်းပေါ်တွင် ပေ(၁၀၀)တံတား(၁)စင်း၊ စုစုပေါင်းတံတား (၃)စင်း တည်ဆောက်ရန်ရှိပါတယ်။ အဆိုပါတံတား(၃)စင်းအနက် ပြင်ရှည် – ကုလာဘာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အရှည် (၃၀)ပေ ကွန်ကရစ် တံတားတစ်စင်းအား မူလရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ရာ ပုံမှာပြထားတဲ့အတိုင်း ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ အရှည် (၆၀)ပေ ကွန်ကရစ်တံတား (၁)စင်းနှင့် အရှည် (၁၀၀)ပေ ကွန်ကရစ်တံတား (၁)စင်းကတော့ မူလကရန်ပုံငွေ အပြည့်အဝ မပါရှိခဲ့တဲ့အတွက် ယခုအခါ ဖြည့်စွက်ရန်ပုံငွေမှာ ထပ်မံရရှိပြီးဖြစ်တဲ့အတွက် လာမည့် စက်တင်ဘာလကုန်မှာ တံတားတွေအားလုံး သတ်မှတ်ချိန်အတွင်း ပြီးစီးသွားမှာဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်နှင့် မတူပီခရိုင်ကို ဆက်သွယ်သော မင်းတပ်–မတူပီ ခရိုင်လမ်းမကြီးအား ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လမ်းတာချဲ့ရန် ကျန်ရှိနေတဲ့ (၁၆)မိုင် (၃)ဖာလုံကို (၃၄)ပေ တာလမ်းချဲ့ခြင်းနှင့် ကတ္တရာလမ်းခင်းခြင်းကို အပြီးသတ်ဆောင်ရွက်ပေးရန်

အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းတပ် - မတူပီ ကားလမ်းသည် စုစုပေါင်း (၁၀၂)မိုင် ရှည်လျားပြီး လမ်းဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပါတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မြေပြင်မှာ အမှန်တကယ်လိုအပ်နေတဲ့ မျက်ကွယ်ကွေ့(၃)မိုင်ကို (၃၄)ပေ တာလမ်းချဲ့ဖို့အတွက် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် (၄၈၀)သန်း လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာလည်း ပြည်ထောင်စုနှင့် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် (၂၄)ပေအကျယ် ကတ္တရာလမ်း (၁)မိုင်၊ (၁၂)ပေအကျယ် ကတ္တရာလမ်း (၁၅)မိုင် (၃)ဖာလုံ၊ (၁၂)ပေအကျယ် လမ်းကွေ့ဖြောင့်၍ ကတ္တရာလမ်းသစ်ခင်းခြင်း (၁)မိုင်နှင့် (၁၈)ပေအကျယ် ကွန်ကရစ်လမ်းသစ်ခင်းခြင်း (၆)ဖာလုံ၊ မြေထိန်းနံရံတည်ဆောက်ခြင်း (၂၅)ခုတို့ တည်ဆောက်ဖို့အတွက် ရန်ပုံငွေစုစုပေါင်းကျပ် (၄၆၄၈)သန်း လျာထားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့ရှိ မုံရွာ - အရာတော် - ရွှေဘိုလမ်းမှ (မကျီးစောက်ကျေးရွာမှ ဆင်တလည်ကျေးရွာအထိ) လမ်းအရှည် (၉)မိုင် (၄)ဖာလုံ၊ လမ်းအကျယ် (၃၅)ပေ ရှိသောလမ်းတွင် (၄)မိုင် (၀.၅) ဖာလုံကို မြေလမ်းမှ ကျောက်လမ်းအဖြစ်သို့လည်းကောင်း၊ (၄)မိုင်(၇) ဖာလုံကို ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ်သို့လည်းကောင်း ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်အတွင်းရှိ ဇရစ် - မကျီးစောက် - ငါးရဟိုး - ဆိပ်ဖူးကြီး - စပါးတွင်း - လက်ပန်သာ - သလဲဘာ-ဆင်တလည်လမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ လမ်းအဆင့် သတ်မှတ်ချက်အရ Class(A) ဦးစားပေးအဆင့်(၁)လမ်းဖြစ်၍ လမ်းဦးစီးဌာနပိုင် မုံရွာ - အရာတော် - ရွှေဘိုလမ်းနှင့် ဆက်သွယ်ထားသောလမ်း ဖြစ်ပါတယ်။ အဆိုပါလမ်း၏ လက်ရှိအခြေအနေမှာ ကတ္တရာလမ်း (၄.၅)ဖာလုံ၊ ကျောက်ချော လမ်း (၄)မိုင် (၇)ဖာလုံနှင့် မြေလမ်း(၀.၅)ဖာလုံ၊ စုစုပေါင်း (၉)မိုင် (၄)ဖာလုံ ရှိပြီးတော့ ကျေးရွာ(၂၀)၊ အိမ်ခြေ(၂၃၁၆)အိမ်၊ လူဦးရေပေါင်း (၁၀၀၀၀)ကျော်တို့ရဲ့ လူမှုစီးပွားဘဝအတွက် အကျိုးပြုသောလမ်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ဇရစ် - မကျီးစောက် - ငါးရဟိုး - ဆိပ်ဖူးကြီး - စပါးတွင်း - လက်ပန်သာ - သလဲဘာ - ဆင်တလည်လမ်းပေါ်ရှိ မကျီးစောက်ရေကျော်အား Submersible Bridge တည်ဆောက်ရန်အတွက် ငွေကျပ်(၁၄၁.၆)သန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါသည်။ ရန်ပုံငွေရရှိပါက ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နောက်ပိုင်းကာလများမှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦးမေးမြန်းတဲ့ မေးခွန်းများဟာ နေပြည်တော်ကောင်စီဝင် တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**လူနေထူထပ်သော ရန်ကုန်၊ မန္တလေးကဲ့သို့သော မြို့ကြီးများတွင် အမှိုက်စွန့်ပစ်ရန်နေရာ အခက်အခဲများ တစ်နေ့တခြား ကြီးထွားလာမှုကို ပုဂ္ဂလိကလုပ်ငန်းကြီးများအား တစ်ပိုင်တစ်နိုင် အမှိုက်မီးရှို့ဖျက်ဆီးစက် (Incinerator)များ အသုံးပြုစေရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၆။**

**ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြပါသော ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နေ့တခြား တိုးပွားလာတဲ့ အမှိုက်များကို လူနေထူထပ်သော မြို့ကြီးပြကြီးများတွင် နေ့စဉ်နှင့်အမျှ စွန့်ပစ်နေကြသော အမှိုက်များကို စွန့်ပစ်ရန် နေရာအခက်အခဲ

တစ်နေ့ထက်တစ်နေ့ ဆိုးရွားလာသည်မှာ မျက်မြင်ကိုယ်တွေ့ပဲဖြစ်ပါတယ်။ မကြာခင်ကပင် ရန်ကုန်မြို့တော်ကြီး နေ့စဉ် စွန့်ပစ်နေရသည့် အမှိုက်တန် (၂၅၀၀)ရှိနေသည့်အနက်မှ တန်(၁၀၀၀)ခန့် ရှင်းလင်းဖြေရှင်းနိုင်ရန်အတွက်ကို ပိုလန်နိုင်ငံမှ ယူရိုသန်း(၅၀) ချေးငှားဆောင်ရွက်နေရပြီဖြစ်ပါတယ်။ တစ်နေ့တခြား တိုးပွားလာတဲ့ အမှိုက်များကို နိုင်နင်းအောင် မဖြေရှင်းပေးနိုင်လျှင် မကြာခင်မှာပင် အမှိုက်ပစ်စရာနေရာ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရတော့မည်ဖြစ်ပါတယ်။ အဆိုပါ ပြဿနာကို စည်ပင်သာယာဌာနတစ်ခုတည်း ကိုင်တွယ်ဖြေရှင်းနေရသည်မှာ အလွန်ကြီးလေးသည့် ပြဿနာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စွန့်ပစ်အမှိုက်များပြားသော စက်ရုံများမှ Industrial Waste များကိုသော်လည်းကောင်း၊ ပုဂ္ဂလိက ဆေးရုံကြီးများမှ ထွက်ရှိသော ကျန်းမာရေးအန္တရာယ်ကြီးမားလှပြီး ကူးစက်ရောဂါပြန့်ပွားစေနိုင်သည့် Medical Waste များကိုသော်လည်းကောင်း အဆိုပါ ပုဂ္ဂလိက စက်ရုံကြီးများ၊ ပုဂ္ဂလိကဆေးရုံကြီးများမှ အမှိုက်မီးရှို့ဖျက်ဆီးစက် Incinerator များ အသုံးပြုပြီး တစ်ပိုင်တစ်နိုင် ဝိုင်းဝန်းဖြေရှင်းကြသဖြင့် စည်ပင်သာယာဌာနကြီးတွင် ဝန်ထုပ်ဝန်ပိုး လျော့ပါးသွားစေမည်ဖြစ်ပါတယ်။ ပြည်သူများရဲ့ ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အခြားသော ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများနည်းတူ ပုဂ္ဂလိကပိုင်စက်ရုံ၊ ပုဂ္ဂလိကပိုင် ဆေးရုံကြီးများ၌ အမှိုက်များကို မီးရှို့ရာတွင် ထွက်လာနိုင်သည့် Dioxin ကဲ့သို့ အန္တရာယ်ရှိသည့်အငွေ့များကို ဖယ်ရှားသန့်စင်နိုင်သည့် Modern Incinerator ခေတ်မီ အမှိုက်မီးရှို့ဖျက်ဆီးစက်များသုံးစွဲကာ ဝိုင်းဝန်းဖြေရှင်းပေးစေရန် အစီအစဉ် ရှိ/မရှိ သိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္တေပင်ကျေးရွာအုပ်စု၊ ထိန်စွန်းကျေးရွာ၊ ကွင်းအမှတ် (၅၂၂)၊ (၅၂၃) သီးနှံစိုက်ဧရိယာ (၁၆၉)ကေသည် မြေစာရင်း မြေပုံထွက်ရှိထားသော်လည်း စားကျက်မြေ ပယ်ဖျက်ခြင်းကို ဆိုင်းငံ့ထားသောကြောင့်လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ၁၉၉၄ ခုနှစ်ကတည်းက ပါဝင်သွားခဲ့ပြီး ဖြစ်သောကြောင့်လည်းကောင်း မြို့မြေ သို့မဟုတ် ရွာမြေအဖြစ် သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၉။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး

ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံလျက် မင်္ဂလာအပေါင်း ခညောင်းကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ရွေးချယ်ခံကိုယ်စားလှယ် ဦးဖေချစ် ဖြစ်ပါတယ်။ ယခုလို မေးခွန်းမေးခွင့်ရအောင် ခွင့်ပြုပေးတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးဌာန၊ စီမံဌာနတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ပထမဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်၏ မေးခွန်းအတွက် Power Point အသုံးပြုခွင့်ကိုပါ တစ်ပါတည်း တောင်းခံအပ်ပါတယ်။


အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်များအတွင်း ကျွန်တော့်ရဲ့ မဲဆန္ဒနယ် မှော်ဘီမြို့နယ်အတွင်းမှ ကျေးရွာအုပ်စု (၃)အုပ်စုမှာနေထိုင်ပြီး စိုက်ပျိုးရေးနှင့် အသက်မွေးကြတဲ့ လယ်သမား၊ ယာသမား(၂၈၀၆)ယောက်တို့ရဲ့ တောင်းဆိုချက်အရ စားကျက်မြေ အမည်ပေါက်နေတဲ့ စိုက်ပျိုးမြေဧက (၃၆၀)အတွက် ပယ်ဖျက်ပေးဖို့ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ခဲ့ရာမှာ နှောကုန်းကျေးရွာအုပ်စုက (၅၆)ဧက၊ ပက်တန်းကျေးရွာအုပ်စုက ဧက (၄၀)တို့အား (၅)လအတွင်းမှာ ပြီးစီးအောင်မြင်သွားပါတယ်။

ယခုတင်ပြမယ့် သန္ဓေပင်ကျေးရွာအုပ်စု၊ ထိန်စွန်းတိုးချဲ့ စိုက်ပျိုးမြေဧက (၁၇၀)ခန့်ဟာ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လကတည်းက ကြယ်ပွင့်ပြမေးခွန်းမေးရင်း၊ ၁၇-၁၁-၂၀၁၇ ရက်နေ့ ဒီခန်းမကြီးထဲမှာပဲ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ တရားဝင် လူနေထိုင်ခွင့်ရစေရေး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမယ်လို့ ကတိကဝတ်ပြုခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်၊ နှစ်ကုန်ပိုင်းအထိ ကွင်းအမှတ်စိစစ်ခြင်း အကျယ်အဝန်း မြေရေိယာတိုင်းတာခြင်း၊ အိမ်ထောင်စုဦးရေနှင့် လူနေအိမ်ခြေ၊ လူဦးရေ၊ နေအိမ်၊ တိုက်တာ၊ ကိုယ်ထူကိုယ်ထ ရေစက်၊ ကိုယ်ထူကိုယ်ထ မီးစက်၊ အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ထူကိုယ်ထ ဆေးခန်း၊ သုသာန်၊ ဘုန်းတော်ကြီးကျောင်းတို့ကို စစ်ဆေးအတည်ပြုခြင်း၊ ကွင်းဆင်းဆောင်ရွက်ခဲ့တဲ့အပြင် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာနမှ အင်ဂျင်နီယာများ ဦးစီးကွပ်ကဲလျက် မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းမှ ဒုတိယဦးစီးမှူးများ ပါဝင်ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ရာမှာ ယခု Power Point မှာ ဖော်ပြထားတဲ့ မြေရာဇဝင် မြေပုံထွက်ရှိခဲ့ပြီး ဖြစ်ပါတယ်။


စည်ပင်ဥပဒေ၊ မြေယာစနစ်၊ လုပ်ထုံးလုပ်နည်းများအရ လူနေထိုင်ခွင့်ရရှိစေရေး၊ စားကျက်မြေ ပယ်ဖျက်ခွင့် ဦးစွာတင်ပြရသောကြောင့် အထောက်အထားပြည့်စုံစွာဖြင့် လျှောက်ထားတင်ပြခဲ့သော်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထိန်စွန်းစားကျက်မြေတစ်ကွက်တည်းကို ဆိုင်းငံ့ထားသည်မှာ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လကုန်အထိ ဖြစ်ပါတယ်။ အဆိုပါ ကွင်းအမှတ် (၅၂၂)၊ (၅၂၃)မှာ နှစ်(၃၀)ကြာ သီးနှံစိုက်ရေိယာ(၁၆၉.၈၀)ဧကသည် ၁၉၉၄ ခုနှစ်ကတည်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းသို့ ပါဝင်သွားခဲ့ပြီးဖြစ်သောကြောင့် ခြံမြေ သို့မဟုတ် ရွာမြေ သို့မဟုတ် မြို့မြေအဖြစ် သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ

ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ကျွန်တော်မှ လေးစားစွာဖြင့် မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


Google Map မှတွေ့မြင်ရသည့် မြင်ကွင်းပုံ (စ)




စားကျက်မြေနှင့် သုသာန်မြေပြ မြေပုံ (စ-၁)



စားကျက်မြေပြ မြေပုံ (စ-၂)




**အချိန်၊ ၁ဝ:၅၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁ဝ:၅၂။**

**ဦးညီထွန်း( နေပြည်တော်ကောင်စီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော် ကောင်စီဝင် ဦးညီထွန်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုး ၏ မေးခွန်းဖြစ်တဲ့ လူနေထူထပ်သော ရန်ကုန်၊ မန္တလေးကဲ့သို့သော မြို့ကြီးများတွင် အမှိုက်စွန့်ပစ်ရန် နေရာအခက်အခဲများ တစ်နေ့တခြား ကြီးထွားလာမှုနှင့် ပုဂ္ဂလိကလုပ်ငန်းကြီးများအား တစ်ပိုင်တစ်နိုင် အမှိုက်မီးရှို့ဖျက်ဆီးစက် (Incinerator)များ အသုံးပြုစေရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များမှ ဖြေကြားချက်များအပေါ် ပေါင်းစပ်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်(၃၃)မြို့နယ်မှ ထွက်ရှိသည့်အမှိုက်များကို စုစည်းသိမ်းဆည်းပြီး သယ်ယူ၍ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံများကို စွန့်ပစ်လျက်ရှိရာ တစ်ရက်လျှင် အမှိုက်ထွက်ရှိမှု စုစုပေါင်းတန်ချိန် (၂၃ဝဝ)မှ တန်ချိန်(၂၅ဝဝ)အတွင်းရှိပြီး အောက်ဖော်ပြပါ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံများတွင် နေ့စဉ်စွန့်ပစ်

လျက်ရှိပါသည်။ ထိန်ပင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံမှာ တစ်ရက်လျှင်(၁၂၀၀)တန်မှ (၁၃၅၀)တန်ခန့်၊ ထားဝယ်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံမှာ တစ်ရက်လျှင် (၁၀၀၀)တန်မှ (၁၁၀၀)တန်ခန့်၊ ဒလနောက်ဆုံးစွန့်ပစ်အမှိုက်ပုံမှာ တစ်ရက်လျှင် (၂၂)တန်မှ (၂၅)တန်ခန့်၊ ဆိပ်ကြီးခနောင်တို နောက်ဆုံးစွန်ပစ်အမှိုက်ပုံမှာ တစ်ရက်လျှင် (၈)တန်ခန့် စွန့်ပစ်လျက်ရှိပါတယ်။

လက်ရှိမှာ ရန်ကုန်မြို့တော်မှထွက်ရှိတဲ့ စွန့်ပစ်အမှိုက်တန် (၂၅၀၀)ခန့်ရှိသည့်အနက် တစ်ရက်ကို အမှိုက်တန်ချိန် (၁၀၀၀)တန်အား လှိုင်သာယာမြို့နယ်၊ ထိန်ပင်နောက်ဆုံး စွန့်ပစ် အမှိုက်ပုံမှာ ပိုလန်နိုင်ငံအစိုးရရဲ့ ODA ချေးငွေဖြင့် Mechanical Biological Treatment နည်းစဉ်ဖြင့် ချေဖျက်ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးတော့ Government to Government ပူးပေါင်းဆောင်ရွက်ပြီး စီမံကိန်းဆိုင်ရာ Tied Aid Agreement များ ရေးထိုးရန် ဆောင်ရွက်လျက်ရှိပါသည်။ ကျန်ရှိတဲ့ စွန့်ပစ်အမှိုက်တန်ချိန် (၁၀၀၀)ခန့်ကိုလည်း Waste to Energy သို့မဟုတ် Mechanical Biological Treatment နည်းပညာဖြင့် အသုံးပြုပြီး ဆက်လက်ပြုပြင် သန့်စင်နိုင်ရေး အစိုးရအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အမှိုက် ပြုပြင်သန့်စင်ခြင်းဆိုင်ရာ အဆင့်မြင့်နည်းပညာများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်တဲ့ နိုင်ငံတကာကုမ္ပဏီများမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ လာရောက်တွေ့ဆုံ ဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ(၂၀၁၈)ခုနှစ် ပြဋ္ဌာန်းချက်အရ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှ နေ့စဉ်ထွက်ရှိသော စွန့်ပစ်အမှိုက်များ၊ စက်ရုံအလုပ်ရုံ များမှထွက်ရှိသော Industrial Waste များနှင့် အခြားစွန့်ပစ်အမှိုက်များအားလုံးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှသာ တာဝန်ယူသိမ်းဆည်း ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ သိမ်းဆည်းဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော်ရှိ အစိုးရဆေးရုံ၊ ပုဂ္ဂလိကဆေးရုံ (၇၆)ခု၊ ပုဂ္ဂလိက ဆေးခန်း (၁၉၂၅)ခုတို့မှထွက်ရှိတဲ့ နေ့စဉ်ဆေးရုံဆေးခန်းထွက် စွန့်ပစ်ပစ္စည်းများကို ဖျက်ဆီးနိုင်ဖို့ အတွက် လှိုင်သာယာမြို့နယ်မှာရှိတဲ့ ထိန်ပင်နောက်ဆုံး စွန့်ပစ်အမှိုက်ပုံမှာ တန်(၂၀) အမှိုက်မီးရှို့ စက်ရုံကို တည်ဆောက်ပြီးတော့ လက်ရှိ ဖျက်ဆီးဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအနေအထား မှာတော့ ဆေးရုံကြီးများနှင့် စက်ရုံများအားလုံးမှာ အမှိုက်မီးရှို့စက် ပါဝင်တပ်ဆင်ဆောင်ရွက်ရန် အတွက် မူဝါဒ ပြဋ္ဌာန်းထားခြင်းမရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြန်ကြားထား ရှိပါတယ်။

နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာ မြို့နယ်(၈)မြို့နယ်ရှိပြီး ထွက်ရှိ သော အမှိုက်များကို ပုဗ္ဗသီရိအမှိုက်ကွင်း၊ လယ်ဝေး၊ စမ်းကလေးအမှိုက်ကွင်း၊ တပ်ကုန်းအမှိုက်ကွင်း စသည်ဖြင့် အမှိုက်ပုံ(၃)နေရာမှာ စွန့်ပစ်ပြီးတော့ တစ်ရက်ကို တန်(၂၀၀)မှ တန်(၂၆၀)အထိ စွန့်ပစ် လျက်ရှိပါသည်။ တစ်နိုင်တစ်ပိုင် ပုဂ္ဂလိက အမှိုက်မီးရှို့စက်၊ ဖျက်ဆီးစက် Incinerator များကို

တပ်ဆင်အသုံးပြုရန် မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်း မရှိသေးတဲ့အတွက် နေပြည်တော်အတွင်းမှာ ရှိတဲ့ အစိုးရ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း စုစုပေါင်း(၅၇)ခုကထွက်ရှိတဲ့ ဘေးအန္တရာယ်ရှိတဲ့ စွန့်ပစ် အမှိုက်များအား အောက်ပါအတိုင်း ခွဲခြားစွန့်ပစ်လျက်ရှိပါတယ်။ ပထမ အစီအစဉ်ကတော့ ဆေးရုံ ဆေးခန်းအတွက် ဆေးပစ္စည်းအမှိုက် (ဆေးပုလင်း၊ ဆေးထိုးပြွန်အပ်)တွေနဲ့ ပတ်သက်လို့ လုံခြုံစွာ ထုတ်ပိုးပြီးလို့ရှိရင် ပုဗ္ဗသီရိအမှိုက်ကွင်းမှာရှိတဲ့ ကွန်ကရစ်ကန်ထဲမှာ စွန့်ပစ်ခြင်းကို ဆောင်ရွက် လျက်ရှိပါတယ်။ ဒုတိယအနေနှင့် ဆေးရုံဆေးခန်းကထွက်တဲ့ ခွဲစိတ်ကုသမှုအမှိုက်တွေနဲ့ ပတ်သက် လို့ရှိရင် ကွေ့ကြီးသုသာန်မှာရှိတဲ့ သင်္ဂြိုဟ်စက်နဲ့ မီးရှို့ဖျက်ဆီးလျက်ရှိပါတယ်။ နောက်ဆုံးတစ်ခု ကတော့ ဆေးရုံဆေးခန်းအတွက် သာမန်ကုသမှုအမှိုက်တွေကို ပုဗ္ဗသီရိအမှိုက်ကွင်းမှာ မြေကျင်းများ တူးပြီးတော့ ကျင်းထဲမှာ မီးရှို့ဖျက်ဆီးပါကြောင်း ကျွန်တော်တို့ ဖြေကြားထားရှိပါတယ်။

ကရင်ပြည်နယ်မှာ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ကရရှိတဲ့ ဘားအံမြို့ အမှိုက်စွန့်ပစ် စနစ် မြှင့်တင်ခြင်းအတွက် ဒေါ်လာ(၈.၆)သန်းနှင့် မြဝတီမြို့ အမှိုက်စွန့်ပစ်စနစ်အတွက် ဒေါ်လာ(၇.၆) သန်းကို ချေးငွေရယူပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာစတင်ပြီးတော့ အမှိုက်မီးရှို့စက် တည်ဆောက်ရန် စီမံဆောင်ရွက်ထားရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ မုံရွာအတွက် ဂျပန်နိုင်ငံ Mitsubishi Research Institute နှင့် Fujita Corporation တို့ ပူးပေါင်းပြီးတော့ စွန့်ပစ်အမှိုက်များ မီးရှို့ ဖျက်ဆီးဖို့ စက်ရုံတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ရှမ်းပြည်နယ်မှာတော့ အင်္ဂလန် အခြေစိုက် Organic Asia Co.,ltd နှင့် ရန်ကုန်မြို့ရှိ ရွှေပြည်ကုမ္ပဏီလီမိတက်တို့ဖြင့် စွန့်ပစ်အမှိုက်မှ စွမ်းအင်လောင်စာထုတ်လုပ်နိုင်မည့် အမှိုက်မီးရှို့စက် တည်ဆောက်နိုင်ရန်အတွက် နားလည်မှု စာချွန်လွှာ MoU လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိပါတယ်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး အမှိုက်မီးရှို့ဖျက်ဆီးစက် (Incinerator) များ တည်ဆောက်ဖို့အတွက် အစီအစဉ်မရှိသေးပါကြောင်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ဆက်သွယ် ဆောင်ရွက်လာမယ်ဆိုလို့ရှိရင်တော့ ပူးပေါင်းသွားမည်ဖြစ်ကြောင်း ဖြေကြားထားတာရှိပါတယ်။ လက်ရှိအနေအထားမှာတော့ ဆေးရုံကြီးများ၊ စက်ရုံများမှာ ပုဂ္ဂလိကတစ်ပိုင်တစ်နိုင် အမှိုက် မီးရှို့စက် တပ်ဆင်ဆောင်ရွက်ရန်အတွက် မူဝါဒချမှတ်ထားခြင်းမရှိသေးပါကြောင်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များရဲ့ ဖြေကြားတင်ပြချက်များနှင့် ပေါင်းစပ်ပြီး ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေချစ်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဖေချစ်ရဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင် ကျေးရွာအုပ်စု၊ ထိန်စွန်းကျေးရွာ၊ ကွင်းအမှတ် (၅၂၂)၊ (၅၂၃) သီးနှံစိုက်ဧရိယာ (၁၆၉)ကေသည်

မြေစာရင်း မြေပုံထွက်ရှိသော်လည်း စားကျက်မြေ ပယ်ဖျက်ခြင်းကို ဆိုင်းငံ့ထားသောကြောင့်လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ၁၉၉၄ ခုနှစ်ကတည်းက ပါဝင်သွားခဲ့ပြီးဖြစ်သောကြောင့်လည်းကောင်း မြို့မြေ သို့မဟုတ် ရွာမြေအဖြစ် သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ကို တင်ပြသွားမှာဖြစ်ပါတယ်။ ထိန်စွန်းကျေးရွာဟာ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနရဲ့ ၂၅-၅-၁၉၇၃ ရက်စွဲပါစာအမှတ်၊ ၃/၁၉၃/အထ(၂)ဖြင့် ထုတ်ပြန်တဲ့ အမိန့်ကြော်ငြာစာ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနရဲ့ ၃၀-၈-၁၉၇၃ ရက်စွဲပါစာအမှတ်၊ ၃/၁၉၃/အထ(၂)ဖြင့် ထုတ်ပြန်တဲ့ အမိန့်ကြော်ငြာစာ၊ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၈-၁၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀/၂၃-၂၂၇/ဦး ၁ ဖြင့် ထုတ်ပြန်တဲ့ အမိန့်ကြော်ငြာစာတို့အရ တရားဝင်ကျေးရွာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု ကွင်းအမှတ်၊ ၅၂၂ ရှိ စားကျက်မြေ (၁၁၅.၇၁) ဧကနဲ့ ဘွက်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်၊ ၅၂၃ စားကျက်မြေဧရိယာ (၃၈.၁၂)ဧကတို့အား ထိန်စွန်းကျေးရွာအိမ်ထောင်စု (၂၇၅)စု ကိုယ်စား ဦးထွန်းမြင့်နှင့် ဦးအေးသိန်းတို့မှလည်းကောင်း၊ ဘွက်ကြီးကျေးရွာအုပ်စုရှိ အိမ်ထောင်စု (၅၆)စုကိုယ်စား ဦးငွေသန်း နှင့် ဦးညဏ်ဦး တို့မှလည်းကောင်း စားကျက်မြေပေါ်တွင် နှစ်ပေါင်း(၄၀)နှစ်ကျော်ခန့် နေထိုင်ခဲ့သဖြင့် စားကျက်မြေ ပယ်ဖျက်ခွင့်ရရှိပါရန် တင်ပြလာမှုအပေါ် အမှုတွဲဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ စားကျက်မြေတည်ရှိသည့် ဧရိယာမှာ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်တွင်း ပါဝင်ပါတယ်။ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာ၊ ကွင်းအမှတ်၊ ၅၂၂ ရှိ စားကျက်မြေ (၁၁၅.၇၁)ဧကတွင် အိမ်ထောင်စု(၂၇၅)စုအနက် အိမ်ခြေအလုံး(၂၀၀)၊ သီလရှင်ကျောင်း (၁)ကျောင်း တည်ရှိပြီး မြေလွတ်များမှာ ကင်ပွန်းပင်၊ ဆူးပုပ်ပင်များ စိုက်ပျိုးထားရှိတာ တွေ့ရှိရပါတယ်။

ဘွက်ကြီးကျေးရွာ ကွင်းအမှတ်၊ ၅၂၃ မှာတော့ စားကျက်မြေ ဧရိယာ (၃၈.၁၂)ဧကမှာ အိမ်ထောင်စု (၅၆)စုအနက်က အိမ်အလုံး(၃၉)လုံး၊ ဘုန်းကြီးကျောင်း (၁)ကျောင်း တည်ရှိပြီးတော့ မြေလွတ်များမှာ ကင်ပွန်းပင်၊ ဆူးပုပ်ပင်များ စိုက်ပျိုးထားရှိတာကို တွေ့ရှိရပါတယ်။ ယခင်က စားကျက်မြေများအား ပယ်ဖျက်ခွင့်ပြုမှုများနှင့် စပ်လျဉ်းပြီးတော့ ယခုအခါ ကျွဲ၊ နွား စားကျက်မြေများ ပျောက်ဆုံးနေပြီး အခက်အခဲများဖြစ်ပေါ်နေခြင်း၊ တိုင်ကြားမှုများ မကြာခဏ ဖြစ်ပေါ်ခြင်း၊ စားကျက်မြေအတွင်း ဥပဒေမဲ့ မင်းမဲ့စရိုက်ဆန်ဆန် ကျူးကျော်နေထိုင်မှုများ မကြာခဏ ဖြစ်ပေါ်မှုများကြောင့် ၁၆-၈-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၀/၂၀၁၈) ဆုံးဖြတ်ချက်အပိုဒ် ၅၇ အရ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခွင့်ပြုပါရန် လျှောက်ထားလာသည့် အမှုတွဲများအား ဆိုင်းငံ့ထားရန်ဟု ဆုံးဖြတ်ခဲ့ပါတယ်။

စားကျက်မြေထိန်းသိမ်းရေးအတွက် ဥပဒေအရ ကျူးကျော်ဆောင်ရွက်မှုများ ခွင့်မပြုကြောင်း ညွှန်ကြားချက်များအပေါ် လိုက်နာသွားရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှတစ်ဆင့် သက်ဆိုင်ရာ ကျေးရွာအုပ်စုများသို့ ဆက်လက်အသိပေး ဆောင်ရွက်နိုင်ရေးအတွက်လည်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ အကြောင်းကြားထားရှိပြီးဖြစ်ပါတယ်။ စားကျက်မြေများအား ကျူးကျော်မှုမရှိစေရေး ထိန်းသိမ်းရန်နှင့် ကျူးကျော်မှုများ ရှိလာပါက အထက်မြန်မာပြည် မြေနှင့်အခွန် နည်းဥပဒေ ပုဒ်မ ၇၈ နှင့် အောက်မြန်မာပြည် မြေနှင့်အခွန် နည်းဥပဒေ ၆၈ တို့နှင့်အညီ အရေးယူဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ သို့ရာတွင် စားကျက်မြေများအပေါ်တွင် ကျူးကျော်၍ မိမိသဘောအလျောက် မြေနေရာများ ရယူဆောင်ရွက်ကြပြီး စားကျက်မြေ ပယ်ဖျက်ခွင့်အား အလွယ်တကူ ထောက်ခံတင်ပြနေမှုများအပေါ် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ မြို့မြေ သို့မဟုတ် ရွာမြေအဖြစ် တိုးချဲ့ဖွဲ့စည်းရန် အမှန်တကယ်လိုအပ်ပါက အကျိုးအကြောင်း အပြည့်အစုံကိုဖော်ပြပြီး အထက်ဌာနအဖွဲ့အစည်းအဆင့်ဆင့်သို့ ခွင့်ပြုချက်ရယူ၍ ခွင့်ပြုချက်ရရှိမှသာ ကော်မတီများဖွဲ့စည်းပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြေကြားချက်အပေါ် ကိုယ်စား ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လာရောက်ဖြေကြားသွားတဲ့ ဦးညီထွန်း ကို ကျွန်တော် အထူးကျေးဇူးတင်ရှိပါတယ်။ ဦးညီထွန်း ပြောသွားတဲ့အထဲမှာ ၃၀-၈-၁၉၇၃ ရက်နေ့၊ ၁၈-၁၁-၂၀၁၁ ရက်နေ့မှာ အခုကျွန်တော် မေးမြန်းထားတဲ့ ကျေးရွာအုပ်စု စားကျက်မြေက တရားဝင်ကျေးရွာဖြစ်သွားပြီဆိုတာ အဲဒါ အမှန်ပါပဲလားခင်ဗျား။ အဲဒါ သိချင်လို့ပါ။

**ဥက္ကဋ္ဌ။** ။ ဖြေလိုက်ပါ။

**ဦးညီထွန်း(နေပြည်တော်ကောင်စီဝင်)။** ။ ဟုတ်ကဲ့ပါခင်ဗျား။ ဒီထဲမှာ ဖော်ပြထားတာက ထိန်စွန်းကျေးရွာသည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာန၏ ၂၅-၅-၁၉၇၃ ရက်စွဲပါစာအမှတ်၊ ၃/၁၉၃/ အထ(၂)ဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာန၏ ၃၀-၈-၁၉၇၃ ရက်စွဲပါစာအမှတ်၊ ၃/၁၉၃/အထ(၂)ဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၈-၁၁-၂၀၁၁ ရက်စွဲပါစာအမှတ် ၁၀၀/၂၃-၂၂၇/ဦး ၁ ဖြင့်ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတို့အရ တရားဝင်ကျေးရွာဖြစ်ကြောင်း ဖော်ပြထားပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွပ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြားရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၇။**

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး အမှူးပြုတဲ့ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ တောင်တွင်းကြီးက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ နိုင်ငံသားများရဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြတဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို**
**ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၂၀ - ၁၅၅

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ ဇူလိုင်လ ၈ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၁၉ - ၅ - ၂၀၂၀ ရက်နေ့မှာ အမျိုးသားလွှတ်တော်ကို တင်သွင်းခဲ့

ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)နှင့် ဦးစိုးသိန်း(ခ) ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)တို့က ၂၈-၅-၂၀၂၀ ရက်နေ့မှာ အကြံပြုဆွေးနွေးခဲ့ကြပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ အကြံပြုဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၈-၇-၂၀၂၀ ရက်နေ့မှာ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ ဥပဒေကြမ်းကော်မတီဟာ အဆိုပါ ဥပဒေကြမ်းအပေါ် အကြံပြု ဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဆွေးနွေးခဲ့ရာမှာ ဥပဒေကြမ်းကော်မတီရဲ့ မူလပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်များအတိုင်း ဆက်လက်ထားရှိသင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီရဲ့ မူလပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံစာ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွပ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁:၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူ၍ အတည်ပြု ဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီ အလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၁၀။**

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၃ ရဲ့ခြေဆင်း၊ ဥပဒေကြမ်းအပိုဒ် ၃ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၈ ရဲ့ခြေဆင်း၊ အပိုဒ် ၄ ရဲ့ ခြေဆင်း၊ အပိုဒ် ၄ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၁၄ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် လေးစားစွာအဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၁၀။**

ဥက္ကဋ္ဌ။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃ တွင်ဖော်ပြထားသော ပုဒ်မ ၈ ခြေဆင်း၊ အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၄ တွင် ဖော်ပြထားသော ပုဒ်မ ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အချိန်၊ ၁၁:၁၁။**

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်တွေနဲ့ အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂ နဲ့ အပိုဒ် ၃ တို့ကိုတော့ မူလပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ထားရှိပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၁၁။**

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက်ကတော့ ပြည်သူ့လွှတ်တော်က မူလပြင်ဆင်ချက်အတိုင်း ပြန်လည် အတည်ပြုထားတဲ့ အချက်ဖြစ်ပါတယ်။ အဲဒါကတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂ ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အပိုဒ် ၂ ကို အဆိုပြုပြင်ဆင်ချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ကတော့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်နဲ့ အပိုဒ် ၁ တို့ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။　　　။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁:၁၂။**

**ဥက္ကဋ္ဌ**။　　　။ အစီအစဉ် (၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ) အရ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၁၃။**

**ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း(တပ်မတော်သားကိုယ်စားလှယ်)**။　　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ပုဒ်မ ၁၂၅ ၊ ပုဒ်မခွဲ(၁)အား ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းပြီးတော့ အဆိုပြုဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေသည် ဗြိတိသျှကြည်းတပ် အက်ဥပဒေ ထိုမှတစ်ဆင့် အိန္ဒိယကြည်းတပ်ဥပဒေမှ ဆင်းသက်လာပြီး မြန်မာ့ကြည်းတပ်ဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့ပါတယ်။ ယင်း မြန်မာ့ကြည်းတပ်အက်ဥပဒေ၊ ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံရေတပ်စည်းကမ်း အက်ဥပဒေ၊ မြန်မာနိုင်ငံ လေတပ်စည်းကမ်းအက်ဥပဒေများကို ပေါင်းစုကာ ၁၉၅၉ ခုနှစ် တပ်မတော်ဥပဒေ အဖြစ် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ချက်နဲ့ စပ်လျဉ်းပြီး မြန်မာ နိုင်ငံတွင် ကျင့်သုံးသော ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေအပါအဝင် နိုင်ငံတကာ စစ်ဘက် ဥပဒေများတွင် နယ်ဘက်ဥပဒေများနှင့် မတူညီသည့် ထူးခြားသည့် ပြဋ္ဌာန်းချက်မှာ စစ်ဆေး စီရင်ခြင်းဆိုင်ရာ ကာလစည်းကမ်းသတ်၊ Period of the Limitation for the Trial ဖြစ်ပါတယ်။

အဆိုပါ ပြဋ္ဌာန်းချက်နှင့် စပ်လျဉ်းပြီး နိုင်ငံတကာစစ်ဘက်ဥပဒေများတွင် ပြဋ္ဌာန်းချက် များကို တင်ပြရပါက အာဆီယံဒေသတွင်း နိုင်ငံများရှိ Royal Brunei Armed Forces Act ပုဒ်မ ၁၁၉၊ Malaysia Armed Forces Act ပုဒ်မ ၁၄၄၊ Singapore Armed Forces Act ပုဒ်မ ၁၁၁ တို့မှာ ပြစ်မှုများအတွက် ကာလစည်းကမ်းသတ်ဟုလည်းကောင်း၊ အမေရိကန်နိုင်ငံ စစ်ဘက်တရား စီရင်ချက်ဥပဒေ Article 43 မှာ ကာလစည်းကမ်းသတ်ဆိုင်ရာ ပြဋ္ဌာန်းချက် Statute of Limitations ဟုလည်းကောင်း၊ ၁၉၅၅ ခုနှစ်၊ ဗြိတိသျှ ကြည်းတပ်အက်ဥပဒေ ၁၃၂ တွင် စစ်ဘက်ဥပဒေအရ ပြစ်မှုများအတွက် ကာလစည်းကမ်းသတ်ဟုလည်းကောင်း၊ ပါကစ္စတန်နိုင်ငံ ကြည်းတပ်အက်ဥပဒေ ပုဒ်မ ၉၁၊ အိန္ဒိယနိုင်ငံ ကြည်းတပ်ဥပဒေ ပုဒ်မ ၁၂၂၊ မြန်မာ့တပ်မတော်ရဲ့ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၂၅ တို့တွင် စစ်ဆေးစီရင်ခြင်းဆိုင်ရာ ကာလစည်းကမ်းသတ် Period of the Limitation for the Trial ဟု လည်းကောင်း အသီးသီးပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရ ပါတယ်။

အထက်ပါ ပြဋ္ဌာန်းချက်များအရ ကာလစည်းကမ်းသတ်ကို (၃)နှစ်သတ်မှတ်ပြီး ကာလကို ရေတွက်ရာတွင် ပြစ်မှုစတင်ကျူးလွန်သည့်နေ့မှ စတင်ရေတွက်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ အထက်ပါဖော်ပြချက်များအရ တပ်မတော်သားများသည် နယ်ဘက်ဥပဒေများအပြင် စစ်ဘက်ဆိုင်ရာ ဥပဒေများကို လိုက်နာရပြီး တာဝန်ထမ်းဆောင်ရမှုမှာလည်း လက်နက်ကိုင် အဖွဲ့အစည်းဖြစ်ပြီး ထူးခြားသော သဘောသဘာဝရှိသည့်အတွက်ကြောင့်လည်းကောင်း၊ စည်းကမ်းထိန်းသိမ်းမှုကို ခံယူ ကြသူများဖြစ်တဲ့အတွက်လည်းကောင်း တပ်မတော်သားများအပေါ် စစ်ဆေးစီရင်ခြင်းဆိုင်ရာ ကာလ စည်းကမ်းသတ်ပြဋ္ဌာန်းချက်ကို စစ်ဘက်ဆိုင်ရာဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းရန်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ခေတ်ကာလမှာ တပ်မတော် သားများ ပြစ်မှုကျူးလွန်မှုအပေါ် လေ့လာသုံးသပ် တွေ့ရှိချက်များအရ အချို့သော တပ်မတော်သား များ ကျူးလွန်သည့် ပြစ်မှုများသည် ခွင့်မလွှတ်ထိုက်ဘဲ မလွဲမသွေ အရေးယူရမည်ဖြစ်သော်လည်း

ပြစ်မှုစတင် ကျူးလွန်ချိန်မှ သိရှိမှုမရှိခဲ့ဘဲ ကာလစည်းကမ်းသတ် (၃)နှစ်ကျော်မှသာ သိရှိရသည့် အပြင် နယ်ဘက်တရားရုံးသို့ လွှဲပြောင်းပေးရမည့် ပြစ်မှုများတွင်လည်း အကျုံးမဝင်သည့်အတွက် ကြောင့် အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးရမည့် အခြေအနေများ ဖြစ်ပေါ်လာပါတယ်။ ပါကစ္စတန် ကြည်းတပ် အက်ဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(၂)၊ အိန္ဒိယ ကြည်းတပ် အက်ဥပဒေ ပုဒ်မ ၇၀၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၇၂ တို့မှာ နယ်ဘက်တရားရုံးသို့ လွှဲပြောင်းစစ်ဆေးရမည့် ပြစ်မှုများနှင့် စပ်လျဉ်းပြီး တန်းပြည့်စစ်မှုထမ်းချိန် မဟုတ်သည့်အချိန်တွင် အရပ်သူ၊ အရပ်သားများ အပေါ် ကျူးလွန်သည့် လူသတ်မှု၊ လူသတ်မှု မမြောက်သော ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှု၊ မုဒိမ်းမှုတို့ ဖြစ်ပါတယ်။ ကျန်ပြစ်မှုများကိုတော့ စစ်တရားရုံးဖြင့်သာ စစ်ဆေးစီရင်ကြရပါတယ်။ ထို့ကြောင့် အရေးယူခံထိုက်သူကို အရေးယူခံရခြင်းမှ ကင်းလွတ်ခြင်းမရှိစေရန်အတွက်လည်းကောင်း၊ စစ်စည်းကမ်းထိန်းသိမ်းမှုအတွက်လည်းကောင်း စဉ်းစားသုံးသပ်လျက် အကောင်းဆုံးနည်းလမ်း ရရှိ စေရန်အတွက် ကြိုးစားရှာဖွေခဲ့ရာ Singpore Armed Forces Act ပုဒ်မ ၁၁၁၊ အိန္ဒိယကြည်းတပ် ဥပဒေပုဒ်မ ၁၂၂၊ ပုဒ်မခွဲ(၁)ရဲ့ ပြင်ဆင်ချက်ပါ ကာလစည်းကမ်းသတ် (၃)နှစ်ကို ရေတွက်သည့် နည်းလမ်းကို ကိုးကားပြုလျက် ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၁၂၅၊ ပုဒ်မခွဲ(၁)အား တင်ပြပါအတိုင်း ဖြည့်စွက်ပြင်ဆင်လိုခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပုဒ်မခွဲ(၂)တွင် ပြဋ္ဌာန်း ထားသည့်အတိုင်းမှတစ်ပါး ဤအက်ဥပဒေကို လိုက်နာသူတစ်ဦးဦးအား (၃)နှစ်ကုန်ဆုံးသည့်အခါ ပြစ်မှုတစ်ခုခုအတွက် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းကို စတင်မပြုလုပ်ရပါ။ ယင်း(၃)နှစ် ကာလကို အောက်ပါအတိုင်း စတင်ရေတွက်ရမည်။ (က) ပြစ်မှုစတင်ကျူးလွန်သည့် နေ့ရက် သို့မဟုတ် (ခ) ပြစ်မှုကျူးလွန်မှုကို ယင်းပြစ်မှုကြောင့် နစ်နာသူ သို့မဟုတ် စတင်အရေးယူနိုင်သော အခွင့်ရအာဏာပိုင် မသိရှိခဲ့သည့်အခါ ထိုနစ်နာသူ သို့မဟုတ် အခွင့်ရအာဏာပိုင်က ပြစ်မှုကျူးလွန် ကြောင်း စတင်သိရှိသည့် နေ့ရက်အနက်မှ အစောဆုံးနေ့ရက် သို့မဟုတ် ပြစ်မှုကျူးလွန်သူ မည်သူဖြစ်ကြောင်း မသိရှိခဲ့သည့်အခါ ယင်းပြစ်မှုကြောင့် နစ်နာသူ သို့မဟုတ် စတင် အရေးယူ နိုင်သော အခွင့်အာဏာပိုင်က မည်သူ ပြစ်မှုကျူးလွန်ကြောင်း စတင်သိရှိသည့်နေ့ရက်အနက်မှ အစောဆုံးနေ့ရက် ဖြစ်ပါတယ်။ ပြင်ဆင်လိုတာဖြစ်ပါတယ်။

လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အရေးယူထိုက်သူကို အရေးယူခံခြင်းမှ ကင်းလွတ်မှု မရှိစေရန်အတွက်လည်းကောင်း၊ စစ်စည်းကမ်း ထိန်းသိမ်းမှုအတွက်လည်းကောင်း ပြင်ဆင်ရန်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ထပ်မံ တင်ပြရန် မရှိပါဘူး ခင်ဗျား။

**အချိန်၊ ၁၁:၁၉။**

**ဥက္ကဋ္ဌ။**　　။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၁၉။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း တင်သွင်းလာတဲ့ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ လက်ခံ ဆွေးနွေးပေးပါရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဖေချစ် မှ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁:၂၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း တင်သွင်းသည့် ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၂၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို

ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁:၂၁ နာရီအချိန်တွင် ရပ်နားပါသည်။]